# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## စီးပွားရေးသုံးမျိုး သတင်းလွှာ

2(8/2022)


သတင်းများ


| | | |
|---|---|---|
| Germany | - | ၁ |
| Deperment of Trade | - | ၁၁ |
| Myantrade | - | ၄ |
| Ministry of Planning and Finance | - | ၄ |
| China(Kunming) | - | ၂ |
| Ministry of Commerce | - | ၁ |



CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်

သုတေသနဌာနခွဲ၊

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာန၊

ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊

နေပြည်တော်

ဖုန်း - 0673408624

0673408645

e-mail-tirnpt2020@gmail.com


## ဘရူနိုင်းနိုင်ငံ၏ အခွန်စည်းကြပ်ကောက်ခံမှု

ဘရူနိုင်းနိုင်ငံရှိ အခွန်စည်းကြပ်ကောက်ခံမှုနှင့် စပ်လျဉ်း၍ အလွယ်တကူသိရှိနိုင်စေရန်အတွက် လမ်းညွှန်ထားသည့် **“A Guide to Taxation in Brunei”** ခေါင်းစဉ်ဖြင့် ASEAN Briefing သတင်းမီဒီယာ Website ၌ သတင်းဆောင်းပါးအား ဖော်ပြထားပါသည်။ ဘရူနိုင်းနိုင်ငံကို Brunei Darussalam ဟု ခေါ်ဆိုပြီး အရှေ့တောင်အာရှဘော်နီယိုကျွန်း၏ မြောက်ဘက်ကမ်းရိုးတန်းတွင်တည်ရှိ နိုင်ငံ၏ဧရိယာ အကျယ်အဝန်းမှာ ၂၂၂၆ စတုရန်းမိုင်ကျယ်ဝန်းပါသည်။ နိုင်ငံလူဦးရေမှာ ၄ သိန်းကျော်ခန့်သာရှိပြီး သဘာဝသယံဇာတပေါကြွယ်ဝပြီး ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများတွင် ပါဝင်ပါသည်။ ဘရူနိုင်းနိုင်ငံကို ကမ္ဘာပေါ်ရှိ မေခရိုစီးပွားရေးတည်ငြိမ်မှုအရှိဆုံး နိုင်ငံများစွာထဲမှ တစ်နိုင်ငံအဖြစ် အသိအမှတ်ပြုထားကြပြီး နိုင်ငံသည် အထူးသဖြင့် စက်သုံးဆီနှင့်သဘာဝဓါတ်ငွေ့အခန်းကဏ္ဍ (**Non-Oil and Gas Sector**) များ မဟုတ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (**Foreign Investment**) များကို ပိုမိုဆွဲဆောင်ရန် အားပေးလျှက်ရှိသည်ကို တွေ့ရှိရပါသည်။ အာရှနိုင်ငံများရှိ အခွန်စည်းကြပ်ကောက်ခံမှုတွင် အနိမ့်ဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်ဦးချင်းဝင်ငွေခွန် (**Personal Income Tax**)၊ ပို့ကုန်ခွန် (**Export Tax**)၊ လစာခွန် (**Payroll**)၊ သို့မဟုတ် ကုန်ထုတ်လုပ်မှုဆိုင်ရာအခွန် (**Ma -nufacturing Tax**) များစည်းကြပ်ကောက်ခံခြင်း မရှိသည်ကို တွေ့ရှိပါသည်။ ဘရူနိုင်းနိုင်ငံသည် နေထိုင်သူလူဦးရေ ၄၄၄,၀၀၀ ခန့်သာရှိပြီး နိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (**Gross Domes-tic Product-GDP**) ၏ ၆၀ ရာ ခိုင်နှုန်းပါဝင်သည့် ဟိုက်ဒရိုကာဗွန်ဆိုင်ရာအခြားပစ္စည်း (**Hydrocarbon Assets**) များပိုင်ဆိုင်ထားခြင်းကြောင့် အဆိုပါအခွန်စနစ်ကျင့်သုံးနိုင်ခြင်းဖြစ်ကြောင်း နှင့် နိုင်ငံ၏ ဟိုက်ဒရိုကာဗွန်လုပ်ငန်းနယ်ပယ် (**Hydrocarbon Industry**) သည် ပြည်တွင်းနေ လူဦးရေအတွက် ပြည့်စုံကုံလုံသော ဘဝနေထိုင်မှုအရည်အသွေးကိုပေးအပ်ထားပါသည်။ ကုမ္ပဏီတစ်ခုသည် ဘရူနိုင်းနိုင်ငံတွင် တည်ထောင်၍ စီးပွားရေးလုပ်ငန်း များအားစီမံခန့်ခွဲမှုများပြုလုပ်မည်ဆိုပါက ပြည်တွင်းနေ နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး အမှန်တကယ်မှာ လူပုဂ္ဂိုလ်တစ်ဦး ဘရူနိုင်းနိုင်ငံတွင် နှစ်တစ်နှစ်အတွင်း ၁၈၃ ရက် (သို့မဟုတ်) ၎င်းထက်ပို၍ သက်ရှိထင်ရှားနေထိုင်ပါက ပြည်တွင်းနေနိုင်ငံသားအဖြစ် ထည့်သွင်းစဉ်းစားပါသည်။ ဘရူနိုင်းနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်

| ဘရူနိုင်းနိုင်ငံရှိ<br>ပြည်တွင်းကုမ္ပဏီများနှင့် ပြည်ပမှ လာရောက်လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် အခွန်နှုန်းထားများ | | |
|---|---|---|
| **ဝင်ငွေခွန်သဘောသဘာဝ** | **အခွန်နှုန်းထား (%)** | |
| | **ပြည်တွင်း** | **ပြည်ပ** |
| **အမြတ်ဝေစုများ** | ၀ | ၀ |
| **အတိုး** | ၀ | ၀ |
| **မူပိုင်ခများ** | ၀ | ၁၀ |
| **နည်းပညာဝန်ဆောင်မှုများအတွက် လုပ်အားခများ** | ၀ | ၁၀ |

ငန်းများအား အခွန်များကို စည်းကြပ်ကောက်ခံခြင်းပြုလုပ်ပါသည်။ ၎င်းတို့မှာ -ဝင်ငွေခွန် (**Corporate Income Tax-CIT**)၊ ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် တန်ဖိုးမြင့်အခွန် (**Value-Added Tax-VAT**)၊ ပင်ရင်းမှ နှုတ်ယူသည့်အခွန် (**Withholding Tax-WHT**) နှင့် ရေနံခွန် (**Petroleum Tax**) တို့ဖြစ်ကြပါသည်။

**ကုမ္ပဏီများအပေါ် ဝင်ငွေခွန် (CIT) ကောက်ခံမှု**

ဝင်ငွေခွန်နှုန်းထား (**CIT Rate**) မှာ ၁၈.၅ ရာခိုင်နှုန်းဖြစ်ပြီး ဘရူနိုင်းနိုင်ငံ(သို့မဟုတ်)နိုင်ငံရပ်ခြားတွင် မှတ်ပုံတင်ထားသောကုမ္ပဏီများ (သို့မဟုတ်) ဘရူနိုင်းနိုင်ငံ၌ နိုင်ငံခြားလုပ်ငန်းခွဲတစ်ခုအဖြစ် မှတ်ပုံတင်ထားသော လီမိတက်ကုမ္ပဏီများအားလုံးကို ဘရူနိုင်းနိုင်ငံအတွင်းမှ လုပ်ကိုင်ရရှိလာသည့် ဝင်ငွေများအပေါ် ပြည်တွင်း၌ သတ်မှတ်ထားသည့်အခွန်နှုန်းထားများအတိုင်း အခွန်စည်းကြပ်ကောက်ခံခြင်း ပြုလုပ်ပါသည်။ ဘရူနိုင်းနိုင်ငံသည်ကုမ္ပဏီများကို သတ်မှတ်အဆင့်များအတိုင်း ၁၈.၅ ရာခိုင်နှုန်းစည်းကြပ်ကောက်ခံမှုပြုလုပ်ကြောင်း သိရှိရပါသည်။ ပထမအဆင့် ဘရူနိုင်းဒေါ်လာ ၁၀၀,၀၀၀ (အမေရိကန်ဒေါ် လာ ၇၂,၂၇၃) ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန် ၁၈.၅ ရာခိုင်နှုန်း၊ ထပ်မံ၍ ဘရူနိုင်းဒေါ်လာ ၁၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၆, ၉၀၉) ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို ဝင်ငွေခွန် ၁၈.၅ ရာခိုင်နှုန်း၊

**တန်ဖိုးမြင့်အခွန် (VAT) ကောက်ခံမှု**

ဘရူနိုင်းနိုင်ငံတွင် ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် တန်ဖိုးမြင့်အခွန် (**VAT**) ကို စည်းကြပ်ကောက်ခံခြင်းမရှိကြောင်း သိရှိရပါသည်။

**ပင်ရင်းမှ နှုတ်ယူသည့်အခွန် (WHT) ကောက်ခံမှု**

ဘရူနိုင်းနိုင်ငံတွင် တည်ထောင်ထားသည့် ကုမ္ပဏီများအတွက် အမြတ်ဝေစု(**Dividend**)များ၊ အတိုး (**Interest**) များ၊ မူပိုင်ခ (**Royalty**) များနှင့် နည်းပညာဝန်ဆောင်မှုများအတွက် လုပ်အားခ(**Fees**)များ အစရှိသည်တို့အပေါ် ပင်ရင်းမှ နှုတ်ယူသည့်အခွန် (**WHT**) စည်းကြပ်ကောက်ခံခြင်းမရှိပါ။ သို့သော် နိုင်ငံပြင်ပတွင် ကုမ္ပဏီတည်ထောင်ပြီး ဘရူနိုင်းနိုင်ငံတွင် လာရောက်လုပ်ကိုင် သည့်ကုမ္ပဏီများအနေဖြင့် ၂.၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအကြား ပေးဆောင်ရမည်ဖြစ်ပါသည်။

**တစ်ဦးချင်းဝင်ငွေခွန် (Personal Income Tax)**

ဘရူနိုင်းနိုင်ငံတွင် တစ်ဦးချင်းဝင်ငွေခွန် စည်းကြပ်ကောက်ခံခြင်းမရှိပါ။ သို့သော်လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဝန်ထမ်းများ၏ လုပ်ခလစာများမှ ၅ ရာခိုင်နှုန်းအား ကုမ္ပဏီဝန်ထမ်းများနှင့်သက်ဆိုင်သည့် ရန်ပုံငွေ (**Employees Trust Fund**) စာရင်းသို့ ထည့်ဝင်ကြရပါသည်။ ဘရူးနိုင်းနိုင်ငံရှိ **Employees Trust Fund** ဆိုသည်မှာ ၁၉၉၃ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်း၍ စတင်ကျင့်သုံးခဲ့သည့် ပြင်ပကုမ္ပဏီဝန်ထမ်းများ အငြိမ်းစားယူခြင်းနှင့်သက်ဆိုင်သည့် ပင်စင်ရန်ပုံငွေစာရင်းတစ်ခု ဖြစ်ပါသည်။

**ရေနံခွန်**

၁၉၆၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရေနံနှင့်စပ်လျဉ်း၍ ရရှိသည့်ဝင်ငွေ ခွန်ဆိုင်ရာဥပဒေအောက်တွင် ဘရူနိုင်းနိုင်ငံအတွင်း လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများသည် အထူးဝင်ငွေခွန်နှုန်းထား တစ်ရပ်

ဖြစ်သည့် ၅၅ ရာခိုင်နှုန်းဖြင့် ပေးဆောင်ကြရပါသည်။

**ရေနံထုတ်ကုန်အမျိုးမျိုးပြောင်းလဲထုတ်လုပ်နိုင်**

လက်ရှိတွင် ဘရူနိုင်းနိုင်ငံအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးကဏ္ဍ ၅ ခုအား အာရုံစိုက်လုပ်ဆောင်လျက်ရှိရာ၎င်းတို့မှာ ရေနံနှင့် သဘာဝဓါတ်ငွေ့ တူးဖော်ခြင်း (**Downstream Oil and Gas**)၊ အစားအစာ (**Food**)၊ ခရီးသွားလုပ်ငန်း (**Tourism**) နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ (**Information and Communications Technology Services**)ဖြစ်ကြပါသည်။ ဘရူနိုင်းနိုင်ငံအစိုးရသည်ပုဂ္ဂလိကအား ဈေးကွက်အခွင့်အလမ်းအသစ်များ ရှာဖွေရေးအခန်းကဏ္ဍကို ပိုမို၍ ရည်မှန်းချက်ထားကိုင်တွယ်လုပ်ဆောင်ရန် လိုလားလျက်ရှိပြီး အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏အလုပ်လုပ်ကိုင်နိုင်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် ထက်ဝက်မက နည်းပါးလှပြီး ကျန်ရှိသည့်ပမာဏသည် အစိုးရကဏ္ဍမှဖြစ်ပါသည်။

Source: ASEAN Briefing (ပြည့်ဖြိုးအောင်)

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်းများကြီးမြင့်နေသော်လည်း ပုဂ္ဂလိကဆန်တင်သွင်းမှု ပြုလုပ်သွားဖွယ်ရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးကွက်တည်ငြိမ်စေရန်အတွက် ဆန်တင်သွင်းမှုအား ပုဂ္ဂလိကမှပြုလုပ်စေရန် ဆုံးဖြတ်ထားကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာန၏ ဝန်ကြီး Sadhan Chandra Majumder က ပြောကြားလိုက်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Boro စပါးရိတ်သိမ်းချိန်ဖြစ်နေသော်လည်း နိုင်ငံအတွင်း ဆန်ဈေးနှုန်းများစွာ မြင့်တက်လာခြင်းကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းဆုံးဖြတ်ချက်ကို ဆက်လက်ဆောင်ရွက်ရန်အတွက် ဝန်ကြီးချုပ်ထံသို့တင်ပြ၍ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးထားချက်များအရ တင်သွင်းမည့်ဆန်များကို အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရန်နှင့် လယ်သမား၊ ဈေးကွက်နှင့် အခြားဆက်နွယ်သူများအား အရှုံးနှင့်ရင်ဆိုင်ခြင်းမရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရားမဝင်ဆန်ဈေးကစားသူများကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။ ယေဘုယျအားဖြင့် Boro စပါးရိတ်သိမ်းချိန်တွင် ဆန်ဈေးကျလေ့ရှိသော်လည်း ယခုနှစ်တွင် ဈေးနှုန်းများစွာကြီးမြင့်နေကြောင်း သိရပါသည်။ လက်ကားရောင်းချသူများက ဆန်စက်များဘက်မှ ဈေးနှုန်းမြှင့်သည်ဟု ပြောဆိုကြသော်လည်း၊ ဆန်စက်ပိုင်ရှင်များဘက်ကလည်း ယခုနှစ် စပါးဈေးနှုန်းများ မြင့်မားနေခြင်းကြောင့် ဆန်ဈေးတက်ရသည်ဟု ပြစ်တင်ပြောဆိုလျက်ရှိပါသည်။

စားနပ်ရိက္ခာဝန်ကြီးကမူ ဆန်စက်ပိုင်ရှင်များ၏ ပြစ်တင်ပြောဆိုချက်အပေါ် ၎င်းတို့ကိုယ်တိုင် ဆိုးရွားသည့်ယှဉ်ပြိုင်မှုတွင် ပါဝင်နေသူများဖြစ်ကြောင်း၊ Boro စပါးအသစ်အစား ဆန်အဟောင်းများကို ထုတ်ရောင်းနေခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့ကာ၊ စားသုံးသူများ၏ အကျိုးအတွက် ပြည်ပမှ ဆန်များကို အကောက်ခွန်နှိမ့်ချပေး၍ တင်သွင်းနိုင်စေရန် အားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုအတောအတွင်း အိန္ဒိယနိုင်ငံဘက်တွင်လည်း ဂျုံတင်ပို့မှုအား ရုတ်တရက် တားမြစ်လိုက်ခြင်းနှင့်အတူ ဆန်ကုန်သည်များဘက်မှ တိုးမြှင့်ဝယ်ယူခြင်း၊ နောင်ကာလ အတော်ကြာမှ ပေးပို့ပေးရန်အတွက် ပုံမှန်မဟုတ်သည့် အမှာစာများပြုလုပ်ခြင်းကို တားဆီးလိုက်ပါသည်။ အိန္ဒိယ၏ဆောင်ရွက်ချက်ကြောင့် ဆန်တင်ပို့မှုများအပေါ် ကန့်သတ်လိုက်မည်ကိုလည်း စိုးရိမ်လာကြပါသည်။ ပြီးခဲ့သည့် ရက်သတ္တ ၂ ပတ်အတွင်း ဖွန်လမှ စက်တင်ဘာလကြား ဆန်တန်ချိန် ၁ သန်း တင်ပို့ရန်အတွက် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကာ၊ လက်မှတ်ရေးထိုးပြီးသည်နှင့် ငွေပေးချေရန် letters of credit များကို လျင်မြန်စွာဖွင့်လာကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားပါသည်။ သို့ရာတွင် အိန္ဒိယမှ စားနပ်ရိက္ခာပိုင်းဆိုင်ရာတာဝန်ရှိသူအကြီးအကဲ Sudhanshu Pandey က မိမိတို့နိုင်ငံ၌ ဆန်လုံလောက်သည်ထက်ပင် ကျော်လွန်၍ရှိနေရာ တင်ပို့မှုတားမြစ်ရန်ကိစ္စကို စဉ်းစားခြင်းပင်မရှိကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ ယခုနှစ်အတွင်း အိန္ဒိယမှ ဆန်တန်ချိန် ၉.၆ သန်းနီးပါးကို သဘော်တင်ပို့ထားပြီးဖြစ်ကာ၊ ၂၀၂၁ ခုနှစ်က တင်ပို့မှုထက်ကျော်လွန်ပြီးဖြစ်ကြောင်း သိရပါသည်။ အိန္ဒိယ၏ ၅ ရာခိုင်နှုန်း အကျိုးအကြေပါဝင်သည့် ဆန်ဖြူအမျိုးအစားမှာ အခြေခံအားဖြင့် FOB ဈေး တစ်တန်လျှင် ၃၃၀ ဒေါ်လာမှ ၃၄၀ ဒေါ်လာကြား ရှိပါသည်။ ၎င်းဈေးနှုန်းမှာ တစ်တန်လျှင် ၄၅၅ ဒေါ်လာမှ ၄၆၀ ဒေါ်လာကြားရှိသည့် ထိုင်းဆန်နှင့် ၄၂၀ ဒေါ်လာမှ ၄၂၅ ဒေါ်လာကြားရှိ ဗီယက်နမ်ဆန်တို့ထက် ဈေးနှုန်းသိသိသာသာ နည်းပါးပါသည်။ ထို့ကြောင့် ဈေးနှုန်းအားဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်စေရေး ပံ့ပိုးမှုများ ပြုလုပ်ပေးသွားနိုင်မည့် နည်းလမ်းများရှာဖွေနေကြောင်း ထိုင်းအစိုးရမှ ပြောကြားပါသည်။

အကယ်၍ အိန္ဒိယဘက်မှပို့ကုန်ကို ကန့်သတ်လိုက်ပါက ကမ္ဘာ့ဆန်ဈေးလျင်မြန်စွာခုန်တက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အိန္ဒိယဆန်မှာ ၃၀ ရာခိုင်နှုန်းခန့် ဈေးနှုန်း ပိုမိုချိုသာကြောင်း၊ ယခုအစိုးရက ကန့်သတ်မှုအချို့ပြုလုပ်လာ

ခြင်းကြောင်း ဆန်တင်ပို့မှု လုံးလုံးမရပ်တံ့မီ အိန္ဒိယမှဆန်များကို ပိုမိုဝယ်ယူလာကြကြောင်း သိရပါသည်။ ၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယမှဆန်တန်ချိန် ၂၁.၅ သန်းကို စံချိန်တင် တင်ပို့ခဲ့ပြီး၊ ထိုင်းနှင့် ဗီယက်နမ် နှစ်နိုင်ငံပေါင်းတင်ပို့မှုဖြစ်သည့် တန်ချိန် ၁၂.၄ သန်းထက် ၂ ဆနီးပါး များပြားခဲ့ပါသည်။

Source: ricenewstoday (ရွှေစင်ကို)

## ယခုနှစ် ပထမ ၇ လအတွင်း အမေရိကန်ဒေါ်လာ ၈၉ သန်းတန်ဖိုးရှိ ဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမ ခုနစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန် ၁၆၉,၇၆၆ တန် တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၈၉ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်(CRF)မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံမှာ ကမ္ဘောဒီးယား၏ ဆန်အများဆုံး ဝယ်ယူသူဖြစ်ပြီး၊ ၎င်း၏နောက်တွင် ဥရောပသမဂ္ဂသို့ ဒုတိယအများဆုံးတင်ပို့ထားကြောင်း၊ ယခုနှစ် ပထမ ၇ လအတွင်း တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခဲ့မှုမှာ ကမ္ဘောဒီးယား၏ စုစုပေါင်းဆန်တင်ပို့မှုပမာဏ၏ ၄၈.၃ ရာခိုင်နှုန်း ရှိကြောင်း သိရပါသည်။ CRF ဥက္ကဋ္ဌ Song Saran က တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားဆန်အတွက် ဈေးကွက်ကြီးတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ ဆန်ပိုမိုတင်ပို့နိုင်ရန် မျှော်လင့်ကြောင်း၊ RCEP (ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု) ကြောင့် ကမ္ဘောဒီးယားနှင့် တရုတ်တို့ကြား ကုန်စည်ကူးသန်းရောင်းဝယ်မှုတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ ကြီးမားသည့် RCEP ဒေသဆိုင်ရာ ကုန်သွယ်မှုစာချုပ်မှာ ကမ္ဘောဒီးယား၏ ထုတ်ကုန်များအတွက် ဈေးကွက်ပိုမိုရရှိစေမည်ဖြစ်ပြီး RCEP အဖွဲ့ဝင်နိုင်ငံများ ဦးစားပေးအကောက်ခွန်များဖြင့် ကုန်ချောများ တင်ပို့နိုင်ရေးအတွက် ဆန်လုပ်ငန်းအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နေကြောင်းဟု CRF ဥက္ကဋ္ဌ Song Saran က ဆင်ဟွာသို့ ပြောကြားခဲ့ပါသည်။ CRF ၏ အဆိုအရ ကမ္ဘောဒီးယားသည် ယခုနှစ် ပထမ ၇ လအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၆ နိုင်ငံသို့ စုစုပေါင်း ဆန်တန်ချိန် ၃၅၀,၉၀၂ တန် တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၂၁၈ သန်း ရရှိခဲ့ကြောင်းနှင့် ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရပါသည်။

Source-Xinhua (ရွှေစင်ကို)

## တရုတ်နိုင်ငံကို RCEP မည်မျှအကျိုးပြုကြောင်း ၂၀၂၂ ခုနှစ် ကနဦးတွေ့ရှိချက်များ

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့ကြောင်း ၂၀၂၂ ခုနှစ် ပထမသုံးလပတ်မှ အချက်အလက်များအရ တရုတ်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကာ ယွမ် ၂ ဒသမ ၈၆ ထရီလျံ (အမေရိကန်ဒေါ်လာ ၄၄၈ ဒသမ ၆ ဘီလီယံ) ပမာဏရှိကြောင်း RCEP သည် ဒေသတွင်း ပိုမိုကြီးမားသောဈေးကွက်ဝင်ရောက်ခွင့်ကို လုံခြုံစေရန်အတွက် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုအလားအလာကို ပိုမိုအသုံးချနိုင်စေရန် ခွင့်ပြုပေးကြောင်း အဓိကအကျိုးခံစားခွင့် ရသူများတွင် စက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ထုတ်ကုန်အပိုင်းများ၊ အီး-ကူးသန်းရောင်းဝယ်ရေး e-commerce လုပ်ငန်းနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) တို့ ပါဝင်သည်။ RCEP ဆိုသည်မှာ ကမ္ဘာ့လူဦးရေနှင့် GDP ၏ သုံးပုံတစ်ပုံခန့်ကို လွှမ်းခြုံထားပြီး ယနေ့အထိ ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကို ကိုယ်စားပြုသည်။ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျနှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့ လက်မှတ်ရေးထိုးထားသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူစာချုပ်သည် ၂၀၂၂ ခုနှစ်အစတွင် အသက်ဝင်ခဲ့သည်။ RCEP သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပြုလုပ်သည့် ကုန်ပစ္စည်းများ၏ အနည်းဆုံး ၉၀ ရာခိုင်နှုန်းအပေါ် အခွန်စည်းကြပ်မှု ဖယ်ရှားရန် ရည်မှန်းထားပြီး အနှစ်၂၀ အတွင်း အကျုံးဝင်မည်ဖြစ်ကြောင်း လွတ်လပ်သောကုန်သွယ်မှုကို မြှင့်တင်ခြင်း၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များကို အားဖြည့်ပေးခြင်း၊ အခွန်စည်းကြပ်မှုများ ဖယ်ရှားပေးခြင်း၊ ကပ်ရောဂါဘေးမှ ဒေသတွင်းစီးပွားရေး ပြန်လည်နာလန်ထူလာစေရန် ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း RCEP အောက်တွင် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် လွတ်လပ်စွာ ကုန်သွယ်မှုဆက်ဆံရေးကို ထူထောင်ခဲ့ပြီး နှစ်နိုင်ငံကြား စီးပွားရေးပေါင်းစည်းမှုနှင့် ကုန်သွယ်မှု ဆက်ဆံရေးကို မြှင့်တင်ရန် မျှော်လင့်သည့် လှုပ်ရှားမှုတစ်ခု ဖြစ်သည်။

RCEP သည် တရုတ်နိုင်ငံအတွက်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အလွန်အရေးပါသောအချက်ဖြစ်သည်။အဆိုပါစာချုပ်သည် တရုတ်နိုင်ငံအတွက် ကြီးမား

သော သွင်းကုန်-ပို့ကုန် အခွင့်အလမ်းများကို ယူဆောင်လာကာ တရုတ်နိုင်ငံ၏ နှိုင်းယှဉ်အားသာချက်များရှိသည့် ပို့ကုန်များချဲ့ထွင်ရန် စီးပွားရေးလုပ်ငန်းများကို အားပေးကာ အဓိကနည်းပညာများ၊ အစိတ်အပိုင်းများနှင့် ကုန်ကြမ်းများကို တင်သွင်းမှု တိုးမြင့်လာစေပါသည်။ ၎င်းသည် အာရှ-ပစိဖိတ်နိုင်ငံများနှင့် မဟာဗျူဟာအရ တရုတ်နိုင်ငံနှင့် ပိုမို တည်ငြိမ်ပြီး ခိုင်မာသောချိတ်ဆက်မှုကို ပံ့ပိုးပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် Entry into Force (EIF) ဖြစ်စေရန် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီးစီးကြောင်း အသိပေးအကြောင်းကြားစာ (Instrument of Ratification–IoR) ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ (၁၂-၅-၂၀၂၁) ရက်နေ့တွင် FERD ဌာနက အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပြီးဖြစ်သည်ဟု သိရှိရပါသည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား (၁-၅-၂၀၂၂) ရက်နေ့မှစတင်၍ အသက်ဝင်ပြီဖြစ်ပါသည်။ RCEP အဖွဲ့ဝင် နိုင်ငံများသည် စာချုပ်အာဏာအသက်ဝင်သည့်အချိန်တွင် ကုန်စည်လိုင်းအားလုံး၏ ၆၅% ကို အကောက်ခွန် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သော်လည်း မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံတို့သည် ၃၀% သာ ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ပါသည်။ စာချုပ်အာဏာအသက်ဝင်ပြီး(၁၀)နှစ်အကြာတွင် ကျန်အဖွဲ့ဝင်နိုင်ငံများက ကုန်စည်လိုင်းစုစုပေါင်း၏ ၈၀% ကို အခွန်ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံက (၁၅) နှစ်အကြာတွင်မှ အခွန် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်ပါသည်။


(စီးပွားရေးသံမှူး- ဝေရီလင်း)

## RCEP အောက်တွင် စောင့်ကြည့်ရမယ့် လမ်းကြောင်းတွေက ဘာတွေလဲ

E-commerce-RCEP၏အခန်း(၁၂)သည်e-commerce ကို မြှင့်တင်ရန်နှင့် ၎င်းအတွက် အထောက်အကူဖြစ်စေသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒဆိုင်ရာပတ်ဝန်းကျင်ကို ဖန်တီးရန် ရည်ရွယ်ကြောင်း ရည်မှန်းချက်မှာ သွင်းကုန်နှင့် ပို့ကုန်ကုန်ကျစရိတ်ကိုလျှော့ချရန်နှင့် ဒေသတွင်းရှိ စက်မှုနှင့် တန်ဖိုးကွင်းဆက်များကို ပိုမိုကောင်းမွန်စွာ ပေါင်းစည်းရန်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုပုံစံသစ်ဖြစ်သော နယ်စပ်ဖြတ်ကျော် e-commerce သည် တရုတ်နိုင်ငံ၏သွင်းကုန်နှင့် ပို့ကုန်များတည်ငြိမ်စေရန်အတွက် အရေးကြီးသော မောင်းနှင်အားတစ်ခုဖြစ်လာခဲ့ပါကြောင်း ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် e-commerce ၏ သွင်းကုန်နှင့် တင်ပို့မှုပမာဏသည် ယွမ် ၁.၉၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၁၁.၅ ဘီလီယံ) ရှိပြီး ၁၅ ရာခိုင်နှုန်း တိုးမြင့်ကာ e-commerce တင်ပို့မှုမှာ ယွမ် ၁.၄၄ ထရီလီယံ ရှိကာ နှစ်စဉ်ရာခိုင်နှုန်း၂၄.၅ တိုးလာပါကြောင်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အရှိန်အဟုန်ဖြင့် ကြီးထွားလာခြင်းကြောင့် ဆိုက်ဘာလုံခြုံရေး၊ တစ်ဦးချင်းကိုယ်ရေးကိုယ်တာနှင့် အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်မှုကို အခန်း ၁၂ တွင် အများအတွက် ဖော်ပြထားပါကြောင်း အခန်း ၁၂ ၏ အထူးထင်ရှားသော ရှုထောင့်နှစ်ခုမှာ ကန့်သတ်ထားသော ကွန်ပျူတာအဆောက်အအုံများနှင့် ဒေတာများအတွက်လိုအပ်ချက်များကို တားမြစ်သည့် အချက်များဖြစ်ပါကြောင်း RCEP လက်မှတ်ရေးထိုးထားသည့် တရုတ်နိုင်ငံအနေဖြင့် ယင်းအချက်အလက်များနှင့် ပတ်သက်၍ ကာလရှည်ကြာစွာ လွတ်လပ်စွာ ရပ်တည်မှုမှ ခွဲထွက်ရန် မူအရပထမဆုံး ကတိကဝတ်ပြုခဲ့ပါကြောင်း ဖော်ပြ ထားပါသည်။

(စီးပွားရေးသံမှူး-ဝေရီလင်း)

## တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်တိုးတက်ရေးအတွက် မျက်နှာသာ ပေးသော ပံ့ပိုးမှုများပြုလုပ်နေ




SunSirs မှ စောင့်ကြည့်ထိန်း ကျောင်းသည့် အချက်အလက်များအရ တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်မှာ ဩဂုတ်လအစောပိုင်းတွင် အခြေအနေတိုးတက်လာခဲ့ပြီး၊ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကာ တစ်တန်လျှင် ၆,၂၀၀ ယွမ်ခန့်အထိ ရှိလာပါသည်။ ဇူလိုင်လ အစပိုင်းတွင် ပြည်တွင်းပဲပုပ်ပေါက်ဈေးမှာ တစ်တန်လျှင် ၆,၁၆၄ ယွမ်ဖြစ်ခဲ့ပါ သည်။ ဩဂုတ်လ ၂ ရက်နေ့တွင်မူ ပျမ်းမျှဈေးမှာ တစ်တန်လျှင် ၆,၁၆၀ ရှိခဲ့ပြီး တစ်ရက်တည်းတွင် ၀.၀၆ % ကျဆင်းခဲ့ကာ၊ ၀.၁၃ % မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ တရုတ်နိုင်ငံတော်အရန် သိုလှောင်ထားရှိမည့် ပဲပုပ်လေလံအရောင်းအဝယ်မှာတိုးတက်လာပြီး ပြည်တွင်းပဲပုပ်ဈေးလည်း တိုးတက်လာကြောင်း သိရသည်။ ဇူလိုင်လတွင် တရုတ်ပြည်တွင်း

ပဲပုပ်ရောင်းဝယ်မှုများ အားနည်းခဲ့ပြီး ပြည်တွင်းအရန် သိုလှောင်မှု၏ လေလံတင်ရောင်းချမှုနှုန်းမှာ ကျဆင်းခဲ့ကာ၊ ဈေးကွက်မှာလည်း အကျဘက်၌ ဆက်လက်ရှိခဲ့သည်။ ဩဂုတ်လမှစတင်၍ ပြည်တွင်းပဲပုပ်ဈေးကွက် ပြန်လည်ကောင်းမွန်လာပြီး အမျိုးသားအရန်သိုလှောင်ရေး ပဲပုပ်လေလံအရောင်းအဝယ်မှာ ပိုမိုကောင်းမွန်လာရာ ပြည်တွင်းပဲပုပ်ဈေးကွက်မြင့်တက်မှုကို အထောက်အကူဖြစ်စေပါသည်။ ဩဂုတ် ၂ ရက်က COFCO Oil Co., Ltd. ၏ အမျိုးသားအရန် ပဲပုပ်လေလံနှစ်လမ်းသွား လေလံရောင်းဝယ်ရေးအစီအစဉ်တွင် ပဲပုပ်တန်ချိန် ၅၆,၀၆၄ ရောင်းချခဲ့ပြီး၊ ယင်းအနက် တန်ချိန် ၈,၂၃၀ အား Baiquan အရန်ကောက်ပဲသီးနှံ ဗဟိုဌာနအောက်ရှိ သိုလှောင်ရုံမှတိုက်ရိုက်လေလံတင်ရောင်းချခဲ့ကာ၊ ၄၇,၈၃၄ တန်ကို Beian အရန်ကောက်ပဲသီးနှံ ဗဟိုဌာနအောက်ရှိ ဂိုဒေါင်မှ တိုက်ရိုက်လေလံတင်ခဲ့ပြီး အားလုံးကို ရောင်းချခဲ့ရပါသည်။ SunSirs မှ စိုက်ပျိုးရေးထွက်ကုန်များ လေ့လာဆန်းစစ်သူက နိုင်ငံတော်အရန်သိုလှောင်ရေး ပဲပုပ်လေလံအရောင်းအဝယ်တိုးတက်လာသောကြောင့်၊ ပဲပုပ်ဈေးကွက်၏ ဆိုးရွားသည့်အခြေအနေ ပြီးဆုံးသွားပြီဟု ယုံကြည်နေပြီး၊ အနာဂတ်တွင် တရုတ်ပြည်တွင်း ပဲပုပ်ဈေးနှုန်းသည် မြင့်မားသောအဆင့်တွင် ဆက်လက်လည်ပတ်နေဦးမည်ဟု သုံးသပ်ထားပါသည်။

Source-SunSirs (ရွှေစင်ကို)

## ဇူလိုင်လ တတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ရပ်ဝန်းနှင့် ပိုးလမ်းမ ထူးခြားသတင်းများ

ဇူလိုင်လ တတိယပတ် ရက်သတ္တပတ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများမှာ အနောက်ဘက်တွင် ရင်းနှီးမြှုပ်နှံရန် အာရုံစိုက်လာပြီး၊ မကြာသေးမီက ရေးထိုးခဲ့သောဒေသတွင်းဆိုင်ရာ သဘောတူညီချက်များနှင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များကြောင့် အရှေ့အလယ်ပိုင်းနှင့် အာရှအလယ်ပိုင်းတို့တွင် လုပ်ဆောင်မှုများစွာရှိခဲ့ပါသည်။

**အရှေ့အလယ်ပိုင်း ရုရှား၊ အီရန်နှင့် တူရကီတို့ ပါဝင်ခဲ့ကြသည့် Tehran ဆွေးနွေးပွဲများ**

ရုရှား၊ အီရန်နှင့် တူရကီသမ္မတများသည် ဆီးရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆွေးနွေးရန် Tehran ၌ တွေ့ဆုံခဲ့ကြပါသည်။ ထိုအတောအတွင်း ငြိမ်းချမ်းရေးကိစ္စအပြင် စွမ်းအင်နှင့် စားနပ်ရိက္ခာအကျပ်အတည်း၊ ယူကရိန်းအရေးကိစ္စများနှင့်စပ်လျဉ်းသည့် နှစ်နိုင်ငံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။

**၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း တူရကီရှိ ဥရောပ - အာရှ Ambarli ဆိပ်ကမ်းမှ တစ်ဆင့်ခံကုန်သေတ္တာသင်္ဘောတင်ပို့မှုများ မြင့်တက်လာခဲ့**

ယခုနှစ် ပထမနှစ်ဝက်အတွင်း တူရကီ၏ Ambarli ဆိပ်ကမ်းမှ ကုန်သေတ္တာအလုံးရေ (၉.၆) သန်းကို လုပ်ငန်းဆောင်ရွက်ပေးခဲ့ရကာ၊ ၂၀၂၁ ခုနှစ်ကထက် သိသာစွာမြင့်တက်ခဲ့ကြောင်း၊ ထိုကဲ့သို့ မြင့်တက်ရခြင်းမှာ ယူကရိန်းပဋိပက္ခကြောင့်ဖြစ်ကြောင်း တူရကီသယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရပါသည်။

**တစ်ဆင့်ခံ ကုန်သွယ်ရေးဖွံ့ဖြိုးလာသောကြောင့် အာမေးနီးယားနိုင်ငံက စိုးရိမ်နေသော်လည်း အဇာဘိုင်ဂျန်နိုင်ငံက Zangazur စင်္ကြံအတွက် ဆွေးနွေးနေ**

အဇာဘိုင်ဂျန်နိုင်ငံသည် ၎င်း၏ကုန်သေတ္တာနှင့် စွမ်းအင်တစ်ဆင့်ခံ တင်ပို့မှုစွမ်းရည်များရည်တိုးချဲ့လာသောကြောင့် Zangazur စင်္ကြံဖွံ့ဖြိုးလာရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးလျက်ရှိပါသည်။ ယခုနှစ်ပထမနှစ်ဝက်အတွင်း အဇာဘိုင်ဂျန်နိုင်ငံကို ဖြတ်သန်းသွားသည့် တစ်ဆင့်ခံကုန်သေတ္တာများမှာ (၃၀)ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကာ၊ Baku မှဖြတ်သန်း၍ INSTC သို့သွားသည့်အရေအတွက်မှာ (၃၀၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အဇာဘိုင်ဂျန်နိုင်ငံ၏ ပထဝီဝင်တည်ရှိမှုအနေအထားနှင့် ရှိပြီးအခြေခံအဆောက်အအုံများကြောင့် တစ်ဆင့်ခံသယ်ယူပို့ဆောင်ရေးအချက်အချာနေရာဖြစ်လာပါသည်။ သို့ရာတွင် Zangazur စင်္ကြံအတွက် အာမေးနီးယား၏လက်ခံမှုရရှိရန် အခက်ကြုံနေပါသည်။ တစ်ဖက်တွင်လည်း အာမေးနီးယန်း၏ ပထဝီနိုင်ငံရေးပြဿနာများထက် ဥရောပသမဂ္ဂနိုင်ငံများ စွမ်းအင်လိုအပ်ချက်က ပိုကြီးထွားလာနိုင်သောကြောင့် Zangazur စင်္ကြံ ဖြစ်ပေါ်လာနိုင်ခြေဘက်တွင် အလေးသာနေပါသည်။

**အပြည်ပြည်ဆိုင်ရာ မြောက်ပိုင်း - တောင်ပိုင်းရထားလမ်းချိတ်ဆက်မှုများကို ရုရှားက အီရန်နှင့် ရေနံကုန်ချင်းဖလှယ်ခြင်းဖြင့် အပြီးသတ်သွားမည်ဖြစ်**

Rasht-Atara နှင့် Rasht-Caspian ရထားလမ်းကြောင်းများမှာ အပြည်ပြည်ဆိုင်ရာမြောက်ပိုင်း - တောင်ပိုင်းသယ်ယူပို့ဆောင်ရေးစင်္ကြံကို ပြည့်စုံသွားစေမည့် အစိတ်အပိုင်းများဖြစ်ကြပါသည်။ ၎င်းလမ်းကြောင်းများမှာ ကစ္စပီယန်ပင်လယ်ရေကြောင်းကုန်သွယ်ရေးကို အီရန်၏ပါရှန်ပင်လယ်ကွေ့ဆိပ်ကမ်းများသို့ လမ်းပေါက်သည့်ရထားလမ်းနှင့် တိုက်ရိုက်ဆက်သွယ်ပေးထားပြီး၊ အရှေ့အလယ်ပိုင်း၊ အရှေ့အာဖရိက၊အိန္ဒိယနှင့်တောင်အာရှကုန်ထုတ်လုပ်မှုကွင်းဆက်များ

သို့ လက်လှမ်းမီ ရောက်ရှိစေပါသည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာမြောက်ပိုင်း – တောင်ပိုင်း ရထားလမ်း ချိတ်ဆက်မှုများကို ရုရှားက အီရန်နှင့် ရေနံကုန်ချင်းဖလှယ်ခြင်းဖြင့် အပြီးသတ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**Abraham သဘောတူညီချက်များက အရှေ့အလယ်ပိုင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တရုတ်နှင့် အနောက်ဘက်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နေ**

ဒူဘိုင်းမှာ အာရှကိုရည်ရွယ်သည့် ဟောင်ကောင်နှင့် စင်ကာပူတို့၏ ပင်လယ်ကွေ့မြို့တော်အဖြစ် အထူးပြု၍ အာရှ၏ ဘီလီယံရာပေါင်းများစွာတန်သည့် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သည့် နေရာတစ်နေရာဖြစ်လာစေရန် ၎င်း၏အနေအထားကို ပြောင်းလဲနေပါသည်။ ယခုနောက်ပိုင်းတွင် UAE မှာ ရုရှား၏ နိုင်ငံရပ်ခြားရှိ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအတွက် အာရှရင်းနှီးမြှုပ်နှံမှု နောက်ခံပြုသည့်ရုံးစိုက်ရာနေရာဖြစ်လာနိုင်ဖွယ်ရှိပါသည်။

**ယခုနှစ် ပထမနှစ်ဝက်အတွင်း ကာဇက်စတန်နိုင်ငံ၏ ကစ္စပီယန်ပင်လယ်ဆိပ်ကမ်းများက လုပ်ငန်းဆောင်ရွက်ပေးခဲ့သည့် ကုန်သေတ္တာအရေအတွက် စံချိန်တင်မြင့်မားခဲ့**

ယခုနှစ် ပထမနှစ်ဝက်အတွင်း ကာဇက်စတန်နိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို အသုံးပြု၍ ကုန်သေတ္တာများ သယ်ယူပို့ဆောင်ခြင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ(၈၀၇,၅၃၀) ရရှိခဲ့ကြောင်းနှင့် ထိုပမာဏမှာ ယခင်နှစ် အလားတူ ကာလကထက် (၅) ဆကျော် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

**အာရှအလယ်ပိုင်း**

အာရှအလယ်ပိုင်းမှာ ဒေသတွင်းကုန်သွယ်ရေးကို အမေရိကန်ဒေါ်လာ (၁၅) ဘီလီယံအထိ ရောက်ရှိစေရန် (၃) ဆတိုး၍ ဆောင်ရွက်သွားရေးအတွက် အဓိကဖွံ့ဖြိုးမှုမောင်းနှင်အားများနှင့်အလားအလာများရှိနေပါသည်။ ခိရုဂစ္စတန်နိုင်ငံတွင် ကျင်းပသည့် အာရှအလယ်ပိုင်းနိုင်ငံ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၌ ကာဇက်စတန်နိုင်ငံသမ္မတက အာရှအလယ်ပိုင်း ကုန်သွယ်ရေးအကြောင်း စိတ်ဝင်တစားဆွေးနွေးထားသည်ဟု သိရပါသည်။

Source: China Briefing (ရွှေစင်ကို)

## COVID-19 ရောဂါကုသရာတွင် အသုံးပြုရန်အတွက် ပြည်တွင်းထုတ်သောက်ဆေးကို တရုတ်နိုင်ငံက အတည်ပြုလိုက်ပြီဖြစ်

COVID-19 ရောဂါကုသရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်တွင်းထုတ် သောက်ဆေးလုံးကို အခြေအနေပေါ်မူတည်၍ အသုံးပြုသွားရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းဆေးဘက်ဆိုင်ရာ တာဝန်ရှိသူက ဇူလိုင်လ (၂၅)ရက်နေ့တွင်ပြောကြားလိုက်ပါသည်။ ယခုခွင့်ပြုလိုက်သည့် သောက်ဆေးကို ရောဂါလက္ခဏာပြင်းထန်မှု အလယ်အလတ်ဖြစ်ပေါ်နေသည့် COVID-19 လူနာများအတွက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ၎င်းဆေးဝါးကို တတိယမြောက်နှင့် နောက်ဆုံးအဆင့်အဖြစ် စမ်းသပ်ခဲ့မှုအရ သောက်ဆေးမှာ စိတ်ချရကြောင်း၊ လူနာများ၏ အခြေအနေကို တိုးတက်လာစေကြောင်းနှင့် (၅)ရက်အတွင်း ဗိုင်းရပ်စ်ပိုးကို ဟန့်တားနိုင်ကြောင်း သိရပါသည်။ သောက်ဆေးထုတ်လုပ်ရာတွင် ဦးဆောင်ခဲ့သည့် သုတေသီနှင့် ကျန်းကျိုးတက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သည့် Chang Junbiao ၏ ပြောကြားချက်အရ အိုမီခရွန်အပါအဝင် အသစ်ပေါ်ပေါက်လာသည့် မျိုးကွဲများအားလုံးကို ကုသရာတွင်သောက်ဆေးမှာ ထိရောက်ကြောင်း၊ လက်ရှိအချိန်၌ သောက်ဆေး၏ဈေးနှုန်းကို မသတ်မှတ်ရသေးကြောင်း၊ သို့ရာတွင် Pfizer ၏ တစ်ခါသောက်ဆေးပမာဏ (per dose) တစ်ဖုံလျှင် အမေရိကန်ဒေါ်လာ (၃၄၀) တန်ဖိုးရှိ Paxlovid ဆေးထက် ဈေးနှုန်းပိုမိုနည်းပါးမည်ဖြစ်ကြောင်း၊ သိရပါသည်။

တရုတ်ပြည်မကြီးတွင် Pfizer ၏ Paxlovid ဆေးမှာ ပထမဆုံး အတည်ပြုခဲ့သည့်COVID-19 သောက်ဆေးဖြစ်ပြီး၊ ဖေဖော်ဝါရီလတွင် ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ တရုတ်ဈေးကွက်အတွင်း ပထမဆုံးအတည်ပြုလိုက်သော ပြည်တွင်းဖြစ် COVID-19 ဆေးဝါးမှာ antibody (ရောဂါပိုးဝင်လာချိန် ခန္ဓာကိုယ်၏ ခုခံအားစနစ်မှထုတ်သည့် ပဋိပစ္စည်း) ဆေးဝါးဖြစ်ကာ၊ ဆင်းဟွာတက္ကသိုလ်နှင့် Brii ဇီဝသိပ္ပံတို့မှ သုတေသနပြု၍ ထုတ်လုပ်ထားပြီး၊ ယခင်နှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ဆေးမျိုးကို များသောအားဖြင့် ထိုးဆေးအဖြစ် အသုံးပြုလေ့ရှိပါသည်။ ယမန်နှစ် ဇူလိုင်လ (၂၀) ရက်နေ့ကလည်း HIV-1 ကူးစက်ခံရမှုပြင်းထန်နေသည့် လူနာကိုကုသရန် ဟောနန်ပြည်နယ်အခြေစိုက် Genuine Biotech Co က ထုတ်လုပ်သည့် Azvudine ဆေးအား တရုတ်နိုင်ငံက ပထမဆုံးအတည်ပြုပေးခဲ့ပါသည်။

Source: CHINA DAILY (ရွှေစင်ကို)

## ဟောင်ကောင်ဒေသစာအုပ်ပြပွဲ၌ နိုင်ငံရေးနှင့် ပတ်သက်သည့်စာအုပ်အနည်းငယ်ဖြင့်သာ ခင်းကျင်းပြသပြီး ကုန်စည်ပြပွဲ ဖွင့်လှစ်ပြသခဲ့

ဟောင်ကောင်ဒေသ၌ နှစ်စဉ်ကျင်းပပြုလုပ်သည့် စာအုပ်ပြပွဲအား ၂၁-၇-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပြသသူများအနေဖြင့် ပြပွဲကာလအတွင်း နိုင်ငံရေးနှင့် ပတ်သက်သည့် စာအုပ်များ ခင်းကျင်းပြသခြင်း မရှိဘဲ သတိထားဆောင်ရွက် ခဲ့ရကြောင်း၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Hong Kong book fair opens with fewer political books" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ ပြပွဲတာဝန်ခံမှ ပြောကြားရာတွင် ပြပွဲ၌ရောင်းချသည့်စာအုပ်များအား စစ်ဆေးခဲ့ခြင်းမရှိပါကြောင်း၊ သို့သော် ဟောင်ကောင်အာဏာပိုင်များက ၂၀၂၀ ပြည့်နှစ်က အမျိုးသားလုံခြုံရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဒေသတွင်း အစိုးရဆန့်ကျင်လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးခဲ့ပြီး လွတ်လပ်စွာ သဘောထားထုတ်ဖော်ပြသမှုများအပေါ် တင်းကြပ်စွာထိန်းချုပ်ခဲ့ရာ စာအုပ်ပြပွဲ၌ ပြသသူများအနေဖြင့် ဥပဒေအရလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်သည့်စာအုပ်များနှင့် ၂၀၁၉ ခုနှစ်၊ ဒေသတွင်း အစိုးရဆန့်ကျင်လှုပ်ရှားမှုများနှင့်ပတ်သက်၍ ထုတ်ဝေသူများအား ပါဝင်ပြသခွင့်မပြုခဲ့ကြောင်း၊ သို့ဖြစ်ရာ စာအုပ်ပြပွဲ၌ ပါဝင်ပြသသူများအနေဖြင့် စာအုပ်များ ရွေးချယ်ပြသရန်နှင့် ပတ်သက်၍ အဆင်မပြေမှုများရှိခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။ ဟောင်ကောင်၌ကျင်းပပြုလုပ်သည့် စာအုပ်ပြပွဲသည် အာရှ၌ အကြီးမားဆုံးပြပွဲတစ်ခုဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၌ ကျင်းပပြုလုပ်သည့် စာအုပ်ပြပွဲအား ကြိမ်ဖန်များစွာရွှေ့ဆိုင်းခဲ့ရပြီး ယခင်နှစ် ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် In person ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ယခုနှစ်စာအုပ်ပြပွဲအား ၂၁-၇-၂၀၂၂ ရက်နေ့မှ ၂၆-၇-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ စာရေးသူများအနေဖြင့် လက်ရှိအခြေအနေအရ စာအုပ်ထုတ်ဝေခွင့် ရရှိနိုင်မည့်အပေါ် စဉ်းစား၍ရေးသားသင့်ကြောင်း၊ အာဏာပိုင်များအနေဖြင့် ခွင့်ပြုနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပိုမိုရှင်းလင်းပြတ်သားရန်နှင့်ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်း၊ စာအုပ်ပြပွဲသို့ လာရောက်သူများအနေဖြင့် စာအုပ်အမျိုးအစားစုံလင်စွာဝယ်ယူရန် အခွင့်အလမ်းများကို တန်ဖိုးထား၍ လာရောက်ကြခြင်းဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: https://www.thestandard.com.hk/breaking-news/section/4/192547/Hong-Kong-book-fair-opens-with-fewer-political-books (အေးသီခိုင်)

## ဩဂုတ် ၉ ရက်နေ့တွင် တရုတ်နိုင်ငံ ရှန်တုန်း ရေနံချက်စက်ရုံရှိ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများ မြင့်တက်ခဲ့

ဩဂုတ်လ ၉ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ရှန်တုန်းပြည်နယ်ရှိ သန့်စင်ပြီး ဓာတ်ဆီနှင့် ဒီဇယ်ဈေးများ မြင့်တက်ခဲ့ပါသည်။ 92 ဓာတ်ဆီဈေးနှုန်းမှာ တစ်တန်လျှင် ၈,၆၃၄.၄၀ ယွမ်ဖြစ်ပြီး၊ ဒီဇယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၈,၁၀၇ ယွမ်ဖြစ်ပါသည်။ ရေနံစိမ်းသန့်စင်သည့် ယူနစ်များစတင်မှုမှာ အနည်းငယ်နိမ့်ကျသော်လည်း ထုတ်လုပ်မှုနှင့် ရောင်းချမှုနှုန်းကောင်းမွန်သောကြောင့် ဆီချောဈေးနှုန်းများပိုမိုမြင့်မားလာခြင်းဖြစ်ပါသည်။ တရုတ်တစ်နိုင်ငံလုံးတွင် 92 ဓာတ်ဆီအရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၈,၅၀၀ ယွမ်မှ ၈,၇၀၀ ယွမ်ကြား၊ 95 ဓာတ်ဆီအရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၈,၆၀၀ ယွမ်မှ ၈,၈၀၀ ယွမ်ကြား၊ ဆဋ္ဌမမြောက် အမျိုးသားလမ်းမကြီးရှိ မော်တော်ယာဉ်များအတွက် ဒီဇယ်အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၇,၈၀၀ ယွမ် မှ ၈,၁၀၀ ယွမ်ကြား ဖြစ်ပါသည်။ ဓာတ်ဆီဝယ်လိုအားမှာ ပုံမှန်ဖြစ်ပါသည်။ နွေရာသီတွင် ကိုယ်ပိုင်ကားများဖြင့် ခရီးသွားမှုများ တိုးလာသော်လည်း ကပ်ရောဂါအခြေအနေကြောင့် ဓာတ်ဆီဝယ်လိုအားမှာ မျှော်မှန်းထားသည်ထက်နည်းပါးနေကာဓာတ်ဆီဈေးနှုန်းများစွာ မမြင့်တက်ခြင်း မရှိသေးပေ။ မကြာသေးမီက ဒီဇယ်ရောင်းလိုအားကျဆင်းခြင်းနှင့်အတူ ဒီဇယ်ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဒီဇယ်ဈေးနှုန်းများ သိသိသာသာမြင့်တက်လာပါသည်။

အမေရိကန်ပြည်ထောင်စုရှိ WTI ရေနံစိမ်းကြိုရောင်းကြိုဝယ်စာချုပ်ဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၀.၇၆ ဒေါ်လာဖြစ်ပြီး၊ ယခင်ဈေးထက် ၁.၉၇ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ Brent ရေနံစိမ်းကြိုရောင်းကြိုဝယ်စာချုပ်ဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆.၉၆ ဒေါ်လာဖြစ်ပြီး ယခင်ဈေးထက် ၁.၇၃ မှ ၁.၈၂ ရာခိုင်နှုန်းကြား မြင့်တက်လာပါသည်။ ဇူလိုင်လတွင် အမေရိကန်၏ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များက ကောင်းမွန်သည့်စွမ်းဆောင်ရည်ကို ပြသပြီး၊ တစ်ချိန်တည်းမှာပင် တရုတ်၏ ပို့ကုန်တိုးတက်မှုနှုန်းမှာ မျှော်မှန်းထားသည်ထက်

ကျော်လွန်ကာ စီးပွားရေးကျဆင်းမှု၏ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို လျော့ပါးစေမည့် အရိပ်အယောင်များတွေ့ရှိပြီးနောက် နိုင်ငံတကာရေနံဈေးနှုန်း အနိမ့်ဆုံးနှုန်းဖြင့် ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။ ထို့အပြင် လက်ရှိစွမ်းအင်ပြတ်လပ်မှုအခြေအနေမှာ ယခုနှစ် ပထမနှစ်ဝက်တွင် ယေဘုယျမျှော်မှန်းထားသည်ထက် ပိုမိုဆိုးရွားနိုင်ကြောင်း ဈေးကွက်တွင် ပါဝင်သူများက ယုံကြည်နေကြဆဲဖြစ်ခြင်းကြောင့် ရေနံဈေးကွက်လည်း အားကောင်းလာခြင်းဖြစ်ပါသည်။ အချုပ်အားဖြင့် သုံးသပ်ရလျှင် နောက်ပိုင်းကာလများတွင် တရုတ်နိုင်ငံ၏ရေနံ ထွက်ကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရရှိပါသည်။

Source: SunSirs (ရွှေစင်ကို)

## ဂျာမနီနိုင်ငံ၊ နူရင်ဘတ်မြို့၌ Biofach အော်ဂဲနစ်ပြပွဲတွင် မြန်မာလက်ဖက်နှင့် လက်ဖက်ခြောက်ထုတ်ကုန်များ ပါဝင်ပြသ

ဂျာမနီနိုင်ငံ၊ နူရင်ဘတ်မြို့တွင် ကမ္ဘာ့ထိပ်တန်းအော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်သည့် Biofach Organic ပြပွဲကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ (၄) ရက်တိုင် Messe Nuremberg တွင် ပြပွဲတွင် ကိုယ်တိုင်လာရောက်ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြပွဲတွင် အော်ဂဲနစ်စားသောက်ကုန်များအပြင် Organic Non-food များဖြစ်သည့် အိမ်သုံးပစ္စည်း၊ အလှကုန်၊ အထည်၊ ဆေးဝါး၊ အပင်နှင့်မျိုးစေ့များအစရှိသည်တို့ကို နိုင်ငံများစွာမှ အော်ဂဲနစ်ကုမ္ပဏီများက လာရောက် ပြသကြပါသည်။ ထို့အပြင် ပြပွဲတွင် အော်ဂဲနစ်ထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ တင်ဆက်ပြသမှုများဖြင့် နေ့စဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ပြပွဲလက်မှတ်ဝယ်ယူသူများသည် on site ပြပွဲအပြင် အွန်လိုင်းပြသမှုနှစ်မျိုးလုံးကို ကြည့်ရှုလေ့လာခွင့် ရရှိကြပါသည်။ ပြပွဲမတိုင်မီနှင့် ပြပွဲကာလများအတွင်း ဒစ်ဂျစ်တယ်အွန်လိုင်းစနစ်ဖြင့် Exhibitor နှင့် Visitor များအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ ပြပွဲတွင် Organic Africa Pavilion နှင့် BioTrade Asia Pavilion နှစ်ခုကို တစ်ခုတည်းအဖြစ် ပေါင်းစည်းထားသည့် Pavilion (Hall 3A-320) ၌ အာရှဒေသမှ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ကုမ္ပဏီများက Biotrade Asia Pavilion တွင်ပါဝင်ပြသကြပါသည်။ Pavilion Organizer အဖြစ် Profound Advisors in development (နယ်သာလန်)က တာဝန်ယူဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အော်ဂဲနစ်လက်ဖက်ခြောက်များ ထုတ်လုပ်တင်ပို့နေသည့် မောရှမ်းကုမ္ပဏီက ကိုယ်တိုင်လာရောက်ပြသပါသည်။ Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့် ပါဝင်ပြသ၍ ထုတ်ကုန်များခင်းကျင်းပြသမှုကိုလည်း ဆောင်ရွက်ထားရှိကာ မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်းမှ တာဝန်ရှိသူများက ပြသရှင်းလင်းမှုပြုလုပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ဦးကာဝ လက်ဖက်ကုမ္ပဏီမှ ကိုယ်စားလှယ် (၁) ဦးက Visitor အဖြစ်လိုက်ပါ၍ ပြပွဲလေ့လာမှုများနှင့် အတွေ့အကြုံများကို ရယူ ဆောင်ရွက်ပါသည်။ စုစုပေါင်း မြန်မာနိုင်ငံမှ (၅)ဦး လာရောက်ခဲ့ပြီး အဆိုပါကုမ္ပဏီများပါဝင်ပြသမှုနှင့် လေ့လာမှုအတွက် မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်း၏ Bio Trade စီမံကိန်းက စရိတ်မျှခံ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

ပြပွဲကာလအတွင်း မောရှမ်းကုမ္ပဏီအနေဖြင့် ဂျာမနီနှင့် ပိုလန်နိုင်ငံ အဝယ်တော်ကုမ္ပဏီများနှင့် မြန်မာအော်ဂဲနစ်လက်ဖက်ခြောက်များ တင်ပို့ရောင်းချနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ကာ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရန်ရှိပါသည်။ မောရှမ်းကုမ္ပဏီသည် လက်ရှိတွင် ဂျာမန်ကုမ္ပဏီများဖြစ်သည့် Chardo နှင့် Tee Gschwendner ကုမ္ပဏီများသို့ မြန်မာအော်ဂဲနစ်လက်ဖက်ခြောက်များ တင်ပို့လျှက်ရှိပြီး အီးယူဈေးကွက် ပိုမိုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ Yatha Waddi ကုမ္ပဏီ၏ ပလိုင်းအော်ဂဲနစ်လက်ဖက်ကိုလည်း စိတ်ဝင်စားသူများပြောကာ အထူးသဖြင့် လက်ဖက်အနှစ်တွင် သီဟိုစေ့အမှုန့်၊ ဗန်ဒါစေ့အမှုန့်နှင့် သံလွင်ဆီတို့ ထပ်မံရောစပ်၍ ဘီစကစ်မုန့်ချပ်၊ ပေါင်မုန့်တို့ဖြင့် မိတ်ဆက်စားသုံးမှုပုံစံကို နှစ်သက်ကြကြောင်း တွေ့ရှိရပါသည်။ ပြပွဲမတိုင်မီနှင့်ပြပွဲပြီးနောက် ခရီးစဉ်များအတွင်း မြန်မာအဖွဲ့သည် လက်ရှိဂျာမန်အဝယ်တော် ကုမ္ပဏီများဖြစ်သည့် Chardoနှင့် Tee Gschwendner ကုမ္ပဏီရုံးချုပ်များတည်ရှိရာ ဘရီမင်မြို့ (Bremen)နှင့် ဘွန်းမြို့(Bonn) များသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုနှင့် ထုတ်လုပ်မှုနေရာဒေသများအား လေ့လာမှုများ၊ လယ်သမားအထောက်အကူပြု အစီအစဉ်များနှင့် ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များအတွက် Helvetas အဖွဲ့အစည်းပါဝင်၍ ဆွေးနွေးမှုများ၊ Business matching များကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ စီးပွားရေးသံမှူးအနေဖြင့် မြန်မာကိုယ်စားလှယ် အဖွဲ့မလာရောက်မီ လိုအပ်သည့်ဗီဇာများရရှိရေး၊ လာရောက်သည့်ကာလအတွင်း တည်းခိုမှုနှင့် Logistics ပိုင်းစီစဉ်ဆောင်ရွက်မှုများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဂျာ




မနီနိုင်ငံအပါအဝင် အီးယူအဖွဲ့ဝင်နိုင်ငံများရှိ Tea companies များသို့ မြန်မာကုမ္ပဏီများ ပါဝင်ပြသမှုကိုဆက်သွယ်အကြောင်းကြားခြင်းများ၊ ပြပွဲကာလအတွင်း ဇူလိုင်လ (၂၉) ရက်နေ့တွင် နူရင်ဘတ်မြို့ရှိ ပြပွဲသို့သွားရောက်၍ လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးခြင်း၊မြန်မာထုတ်ကုန်များ ဈေးကွက်ချိတ် ဆက်နိုင်မှုအခြေအနေအားလေ့လာခြင်း၊ Helvetas ရုံးချုပ်မှ
တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းတို့ကိုပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ Biofach Organic ပြပွဲကို ၁၉၉ဝ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂ဝ၂၂ ခုနှစ် ပြပွဲသို့ နိုင်ငံ ပေါင်း (၉၄) နိုင်ငံမှ လာရောက်ပြသသူ (Exhibitors) ပေါင်း (၂၂၇၆) ဦး ရှိခဲ့ပါသည်။ လာရောက်ကြည့်ရှုလေ့လာသူများ (Trade visitors) အနေဖြင့် နိုင်ငံပေါင်း (၁၃၇) နိုင်ငံမှ (၂၄ဝဝဝ) ဦး ရှိခဲ့ပါသည်။ ၂ဝ၂၃ ခုနှစ်အတွက် Biofach Organic ပြပွဲကို (၁၄-၂-၂ဝ၂၃) မှ (၁၇-၂-၂ဝ၂၃) ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားရှိပါသည်။

Source: https://www.biofach.de/en (စီးပွားရေးသံမှူး-သီတာဝင်းဌေး)

## တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်း တင်ပို့မည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်လအတွင်း တရုတ်နိုင်ငံနှင့် အခြားနိုင်ငံအများအပြားသို့ ဆန်တန်ချိန် ၂ သိန်း တင်ပို့ရန် စီစဉ်နေပြီး၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှုတို့ကို ရင်ဆိုင်နေရသည့် ၎င်းနိုင်ငံ၏ ခံနိုင်ရည်ရှိကြောင်း ယုံကြည်မှုကိုဖော်ပြသည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် အသားပေး ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ၎င်းနိုင်ငံသည် လွန်ခဲ့သည့် လအနည်းငယ်အတွင်း ဟင်းချက်ဆီဈေးနှုန်းမြင့်တက်မှုနှင့်ရင်ဆိုင်ခဲ့ရပြီး ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်မှု၏သက်ရောက်မှုကို လျှော့ချရန်အတွက် ထောက်ပံ့သည့်အသုံးစရိတ်များ တိုးမြှင့်ရန် လိုအပ်နေပါသည်။ သို့သော်လည်း နိုင်ငံ၏လူဦးရေ ၂၇၃ သန်းအတွက် အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်မှ ထပ်လောင်းဖိအားများ ဖြစ်ပေါ်လာမည်မဟုတ်ဟု အစိုးရတွင် လုံလောက်သောယုံကြည်မှုရှိနေပါသည်။ နိုင်ငံတော်နန်းတော်၌ သမ္မတ Joko Jokowi Widodo နှင့် နိုင်ငံရေးပါတီအထွေထွေဥက္ကဋ္ဌ ခုနစ်ဦးနှင့် တွေ့ဆုံမှုတွင် ပို့ကုန်အစီအစဉ်ကို တင်ပြခဲ့ပါသည်။ အင်ဒိုနီးရှားမှာ စီးပွားပျက်ကပ်ဒဏ်ခံရသည့် နိုင်ငံအဖြစ်ကြုံတွေ့ရန် အလှမ်းဝေးနေကြောင်း၊ လက်ရှိတွင်လည်း အင်ဒိုနီးရှားက ဆန်တင်ပို့ရန် စီစဉ်နေကြောင်း Golkar ပါတီ ဥက္ကဋ္ဌလည်းဖြစ်သည့် စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီးလည်းဖြစ်သည့် Airlangga Hartarto က ပြည်တွင်းမီဒီယာ အယ်ဒီတာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ပါသည်။

National Democratic Party (Nasdem) ၏ ဥက္ကဋ္ဌ Surya Paloh က ကမ္ဘာ့ဈေးကွက်တွင် အဓိကစားသောက်ကုန်များအတွက် ကုန်ကျစရိတ်များမြင့်တက်နေချိန်တွင် အင်ဒိုနီးရှားနိုင်ငံက ၎င်း၏ အဖိုးတန်ဆန်များ တင်ပို့ရောင်းချမည့်အစီအစဉ်နှင့်ပတ်သက်၍ အံ့အားသင့်မိကြောင်း ပြောကြားခဲ့သည်။ စိုက်ပျိုးရေးဝန်ကြီး Syahrul Yasin Limpo က Globe sister ထုတ်ဝေသည့် BeritaSatu.com အား အင်ဒိုနီးရှား၏ ဆန်ဝယ်ယူရန် နိုင်ငံအများအပြားက တန်းစီနေကြသည့်ထဲတွင် တရုတ်နှင့် မလေးရှားနိုင်ငံတို့ပါဝင်ကြောင်း

ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံမှာ စီးပွားပျက်ကပ်မှ လွတ်ကင်းမည်ဟု ခန့်မှန်းရသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာသော အခါ အင်ဒိုနီးရှား၏ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးလည်း မြင့်တက်လာရာ ကုန်စည်တင်ပို့မှုမှ အကျိုးအမြတ်များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ အစိုးရက ထောက်ပံ့ထားသော လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားဈေးနှုန်းများကို ထိန်းသိမ်းထားခြင်းဖြင့် အခြားသော ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဈေးနှုန်းများ အတက်အကျကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွမှုကို အစိုးရက ဆက်လက်စောင့်ကြည့်နေကြောင်း၊ ပြည်တွင်း အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းများကို ကောင်းစွာကိုင်တွယ်နိုင်ပြီး ဂျုံကဲ့သို့ တင်သွင်းသောအစားအစာ အနည်းငယ်အပေါ်၌သာ မှီခိုနေရခြင်းကြောင့် လာမယ့်နှစ်တွင် ငွေကြေးဖောင်းပွမှုမှ အတော်အသင့် ဘေးကင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အကြီးဆုံးခေါက်ဆွဲထုတ်လုပ်သည့် Indofood Sukses Makmur ကလည်း အမေရိကန်နှင့် ဩစတြေးလျထံမှ အာမခံချက်ရရှိထားကြောင်း၊ စက်တင်ဘာလအထိ ဂျုံတင်ပို့မှုကို လုံခြုံစေမည်ဖြစ်ကြောင်း၊ရာသီဥတုပြောင်းလဲမှုများမှာ ထုတ်လုပ်မှုဘက်တွင် အစားအစာပြည်တွင်းထုတ်လုပ်မှုတွင် အနှောင့်အယှက်ဖြစ်ဖွယ်မရှိကြောင်း စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီးမှ ပြောကြားခဲ့သည်။ သို့သော်လည်း National Dem–ocratic Party (Nasdem) ၏ ဥက္ကဋ္ဌက အင်ဒိုနီးရှားအနေဖြင့် သတိလက်လွတ်မဖြစ်သင့်ကြောင်းနှင့် လက်ရှိအခြေအနေကို သတိပြုသင့်ကြောင်း၊ သမ္မတက နိုင်ငံရေးအရရော စီးပွားရေးအရပါ တည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရန် တောင်းဆိုထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် စီးပွားရေးကျဆင်းနေသည့်ကာလ၌ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ တည်ငြိမ်မှုရှိစေရန် လိုအပ်ကြောင်း သတိပေးခဲ့သည်။ အင်ဒိုနီးရှားသည် လွန်ခဲ့သည့် သုံးနှစ်အတွင်း ဆန်ထုတ်လုပ်မှုတွင် ပိုလျှံနေခဲ့ပြီး ယင်းကာလအတွင်း စုစုပေါင်း ဆန်တန်ချိန် ၄ သန်း တင်ပို့ခဲ့ကြောင်း Central Statistics Agency (BPS) ၏ အချက်အလက်များအရ သိရပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ဆန်မက်ထရစ်တန်ချိန် ၁၄.၆ သန်း ထုတ်လုပ်ခဲ့ပြီး ယမန်နှစ် အလားတူကာလက တန်ချိန် ၁၃.၆ သန်းထက် ၇.၇ ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ပထမ လေးလတာ ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံမှ ဆန်မက်ထရစ် တန်ချိန် ၄၄၀,၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း BPS အချက်အလက်များအရ သိရသည်။

Source–rice news today (ရွှေစင်ကို)

## စင်ကာပူနိုင်ငံ၏ အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူစာချုပ်ကွန်ယက်များ၏ အားသာချက်

စင်ကာပူနိုင်ငံသည် သမားရိုးကျ(Conventional)နှင့် ကွဲပြားခြားနားမှု (Nuanced) ရှိသည့် လုပ်ငန်းနယ်ပယ်များစွာမှ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်လျက်ရှိသော ကမ္ဘာ့ကြီးမားကျယ်ပြန့်သည့် အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူစာချုပ် (Double Tax Agreement–DTA) များ ချုပ်ဆိုထားသည့် ကွန်ယက်များထဲမှတစ်ခုကို ပိုင်ဆိုင်ထားရှိပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် ပြည့်စုံကျယ်ပြန့်သော သဘောတူညီချက် (Comprehensive)၊ ကန့်သတ်ချက်ရှိသော သဘောတူညီချက် (Limited) နှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်း အစီအစဉ်များပါဝင်သည့် သဘောတူညီချက် (Exchange of Information Arrangements–EOIAs) စသည့် ပုံစံ(သို့မဟုတ်) အတန်းအစား ၃ မျိုးပါဝင်သည့် အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူစာချုပ် (DTA) စုစုပေါင်း ၉၀ ကျော်အား လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ပြည့်စုံကျယ်ပြန့်သော သဘောတူညီချက် (Comprehensive) များပါဝင်သည့် အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူစာချုပ်(DTA) များမှာ နှစ်ဖက် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံနှစ်နိုင်ငံတို့အကြား ဝင်ငွေအတန်းအစားအားလုံးအတွက် အခွန်နှစ်ထပ်ကျသင့်စေခြင်းမှ လျှော့ပေါ့သက်သာခွင့်ပေးအပ်ထားကြောင်း၊ ကန့်သတ်ချက်ရှိသော သဘောတူညီချက် (Limited) များ ပါဝင်သည့် အခွန်နှစ်ထပ်ကျသင့်စေရေး သဘောတူစာချုပ် (DTA) မှာမူ လေကြောင်းပို့ဆောင်ရေး (Air Transport) နှင့် ကုန်သွယ်ရေကြောင်း (Shipping) တို့မှ ရရှိသည့်ဝင်ငွေကိုသာ လျှော့ပေါ့သက်သာခွင့်ပေးအပ်ထားကြောင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းအစီအစဉ်များပါဝင်သည့် သဘောတူညီချက်(EOIAs)စာချုပ်များမှာ အခွန်ဆိုင်ရာသတင်းအချက်အလက်များကို မျှဝေဖလှယ်ခြင်းတို့အတွက် ပြဋ္ဌာန်းချက်များသာဖြစ်ပါသည်။ ကွဲပြားခြားနားမှုများစွာရှိသည့် အခွန်နှစ်ထပ်မကျသင့်စေရေးသဘောတူစာချုပ် (DTA) တစ်ခုချင်းစီအောက်မှ အခွန်လျှော့ပေါ့သက်သာခွင့်များသည် နိုင်ငံတစ်ခုချင်းစီအတွက်လည်း ကွဲပြားခြားနားမှုရှိပါသည်။ ၎င်းတို့ကိုယေဘုယျအားဖြင့်ဝင်ငွေအတန်းအစား အမျိုးမျိုးပေါ်မူတည်၍ ခွဲခြားထားရာ မူပိုင်ခွင့်များအပေါ်တွင် စည်းကြပ်ကောက်ခံသည့်အခွန် (Tax on Royalties)၊ အမြတ်ဝေစုများအပေါ် စည်းကြပ်ကောက်ခံသည့်အခွန်(Tax on Dividends)၊ အခြေပစ္စည်းများကို ရောင်းချခြင်းမှ မြတ်စွန်းငွေအပေါ် စည်း ကြပ်ကောက်ခံသည့်အခွန် (Tax on Capital Gains)၊

အကျိုး အမြတ်ရရှိမှုများအပေါ် စည်းကြပ်ကောက်ခံသည့် အခွန် (Tax on Interests)၊ ကုန်သွယ်ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေး (Shipping and Air Transport)၊ ဒါရိုက်တာ များ၏ လုပ်ခလစာများ (Directors' Fees)၊ သီးခြားနေထိုင် သူနှင့် မှီခိုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ(Independent and Dependent Personal Services)၊ သု တေသနပြုလုပ်သူများ (Researchers) ၊ ကျောင်းသားများ (Students)နှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းများမှရရှိသည့် ဝင်ငွေ (Income from Immovable Property) တို့ဖြစ်ပါသည်။

Source: ASEAN Briefing (ပြည့်ဖြိုးအောင်)

## Bangkok Gems & Jewelry Fair (BGJF)

ကမ္ဘာပေါ်ရှိအကျော်ကြားဆုံးနှင့် သက်တမ်းအရှည်ဆုံး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးပြပွဲများထဲတွင် Bangkok Gems & Jewelry Fair (BGJF)သည် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (DITP) နှင့် ထိုင်းနိုင်ငံ ကျောက်မျက်ရတနာသိပ္ပံတို့မှကြီးမှူး၍ စက်တင်ဘာလတွင် အဆိုပါပြပွဲကို ကျင်းပလေ့ရှိသည်။ BGJF သည် ကမ္ဘာ့ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာလုပ်ငန်းများတွင် အရေးပါသော စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်သွယ်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် ထူးခြားထင်ရှားသောကုန်သွယ်မှုနယ်ပယ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် ပွဲကြီးတစ်ခုဖြစ်သည်။ BGJF သည် အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ များပြားလှစွာသော အရင်းအမြစ်များနှင့် ဆန်းသစ်သောဒီဇိုင်းများအတွက် ကမ္ဘာလုံးဆိုင်ရာ ယုံကြည်စိတ်ချရသော marketplace တစ်ခုဖြစ်သည်။ အထူးသဖြင့် ကျောက်မျက်ရတနာ အရင်းအမြစ်များနှင့် ထုတ်လုပ်မှုအချက်အချာကျ၍ အဆင့်တန်းမြင့်၊ လှပသေသပ်သော လက်ဝတ်ရတနာများကိုစုစည်းထားသည့် နေရာအဖြစ် တစ်ကမ္ဘာလုံးကအသိအမှတ်ပြုခြင်းခံရသည်။ BGJF တွင် ထိုင်းနိုင်ငံမှထွက်ရှိသည့် အမျိုးစုံ အဖိုးတန်ကျောက်များ၊ လုံးချောကျောက်များ၊ ကျောက်အရိုင်းတုံးများနှင့် ကမ္ဘာတစ်ဝှမ်းရှိ ကျောက်မျက်ရတနာထောက်ပံ့ရေး ကွင်းဆက်များ လုပ်ငန်းများ၊ ထိုင်းနိုင်ငံနှင့် နိုင်ငံတကာမှ ပုလဲ၊ စိန်၊ ရွှေဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊ ငွေထည်ဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊ ဖတ်စုံနှင့် ဖက်ရှင်လက်ဝတ်ရတနာများကို ကျယ်ပြန့်စွာ ပါဝင်ပြသလေ့ရှိသည့် အပြင် လက်ဝတ်ရတနာ အစိတ်အပိုင်းများ၊ လက်ဝတ်ရတနာပြုလုပ်သည့် စက်ကိရိယာများနှင့် ကိရိယာတန်ဆာပလာ စက်ပစ္စည်းများကိုပါ ခင်းကျင်းပြသလေ့ရှိသည်။

အဆိုပါပြပွဲကို ကမ္ဘာပေါ်ရှိကျောက်မျက်၊ လက်ဝတ်ရတနာလုပ်ငန်းနှင့် ဆက်စပ်သူများအပါအဝင် ကျောက်မျက်ရတနာများ ဝယ်ယူသူနှင့် လာရောက်ကြည့်ရှုလေ့လာသူ 10,000 နီးပါးနှင့် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှ ပြခန်းပေါင်း 700 ခန့် ပါဝင်ပြသလေ့ရှိပါသည်။ Bangkok Gems & Jewelry Fairကို (65) ကြိမ်တိုင် မြေပြင်ပြပွဲအဖြစ် ကျင်းပခဲ့ပြီး ကိုဗစ်-19 ကပ်ရောဂါအခြေအနေကြောင့် ၂၀၂၁ ခုနှစ်တွင် virtual ပြပွဲအဖြစ် ကျင်းပပြုလုပ်ခဲ့ပြီး ဒစ်ဂျစ်တယ်ကုန်သွယ်မှုကိုလွယ်ကူချောမွေ့စေရန် BGJF Virtual Trade Fair ကို စီးပွားဖြစ် ပလပ်ဖောင်းတစ်ခုအဖြစ် အသုံးချရန်နှင့် New Normal ခေတ်တွင် စီးပွားရေးကိစ္စရပ်များ ပြန်လည်ချိတ်ဆက်နိုင်ရန် ရည်ရွယ်၍ 2022 ခုနှစ် စက်တင်ဘာလတွင် virtual ပြပွဲနှင့် မြေပြင်ပြပွဲကို ပူးတွဲကျင်းပပြုလုပ်မည်ဖြစ်သည်။ BGJF Virtual ပြပွဲတွင် ကမ္ဘာတစ်ဝှမ်းမှ ကုမ္ပဏီ 300 ကျော်၏ ဝယ်သူများနှင့် ရောင်းချသူများအား အလားအလာရှိသော စီးပွားရေးအခွင့်အလမ်းများကို အလွယ်တကူရှာဖွေနိုင်စေရန် Business Matching များ၊ တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်များ၊ webinars များနှင့် အခြားအစီအစဉ်များကိုပါ ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ Bangkok Gems & Jewelry Fair (BGJF) ပြပွဲကို ပါဝင်ပြသခြင်းအားဖြင့် မိမိနိုင်ငံမှ အဖိုးတန်၊ အရည်အသွေးမြင့် ကျောက်မျက်ရတနာများကို ကမ္ဘာ့အသိုင်းအဝိုင်းသို့ မိတ်ဆက်ပြသနိုင်ခြင်း၊ နိုင်ငံတကာမှ ကျောက်မျက်ရတနာ ဒီဇိုင်းများလက်ရာများကို လေ့လာနိုင်ခြင်း၊ စီးပွားရေးချိတ်ဆက်နိုင်မှုအခွင့်အလမ်းများ ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိ စေသည့်အတွက် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် Bangkok Gems & Jewelry Fair (BGJF) ပြပွဲကို နှစ်စဉ်ပါဝင်ပြသနိုင်ရန်အတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးလျှက်ရှိကြောင်း သတင်းရရှိပါသည်။

Source: www.bkkgems.com (ငယ်ငယ်ထွန်း)

## ထိုင်းနိုင်ငံသည် ပို့ကုန်တိုးမြှင့်တင်ပို့ရန် ထိုင်းဆန်အမျိုးအစားအသစ်များ တန်းစီထား

ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှုယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် စီးပွားဖြစ် ဆန်အမျိုးအစားသစ် ၁၂ မျိုးအထိ တိုးချဲ့ထုတ်လုပ်သွားရန် စီစဉ်ထားရှိပါသည်။ စီးပွားဖြစ်ဆန်အမျိုးအစားသစ်များ ထုတ်လုပ်သူများအတွက် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပခဲ့ရာ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Jurin Laksanawisit က ဝန်ကြီးဌာနသည် လက်ရှိဈေးကွက်နှင့် ဈေးကွက်အသစ်နှစ်ခုလုံးအတွက် ထိုင်းဆန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်အတွက် ထိန်းချုပ်ကွပ်ကဲရေးဌာနတစ်ခုကို ထူထောင်ထားရှိကြောင်း ပြောကြားခဲ့ပါသည်။ စီးပွားဖြစ်ထုတ်လုပ်မည့် ဆန်အမျိုးအစားသစ် ၁၂ မျိုးမှာ ဆန်ကြမ်း ၄ မျိုး၊ ဆန်ချော ၄ မျိုး၊ ထိုင်းဆန်မွှေး ၂ မျိုးနှင့်အာဟာရမြင့် ဆန်အမျိုးအစား ၂ မျိုးဖြစ်ပြီး အဆိုပါဆန် အမျိုးအစားအသစ်များသည် ကမ္ဘာတစ်ဝှမ်းရှိ စားသုံးသူများအကြား ဝယ်လိုအားမြင့်တက်လျက်ရှိ ကြောင်း Mr Jurin က ပြောကြားပါသည်။

Source: ricenewstoday.com (ခက်ခက်နွယ်ဖူး)

## ထိုင်းနိုင်ငံ၏ ကောက်ပဲသီးနှံသတင်း

လာနီညာရာသီဥတုဖြစ်စဉ်က ထိုင်းနိုင်ငံရှိ စပါးစိုက်တောင်သူများအတွက် မိုးရေချိန်ပိုမိုရရှိစေကာ၊ ရေပေးဝေမှုကို ပံ့ပိုးပေးသောကြောင့် ၂၀၂၂-၂၃ တွင် ဆန်တန်ချိန် သန်း ၂၀ ထွက်ရှိကာ ၂၀၂၁ -၂၂ ကထက် ၂ % တိုးလာမည်ဟု US Department of Agriculture Foreign Agricultural Service (FAS) က ထုတ်ပြန်သည့် Global Agricultural Information Network အစီရင်ခံစာအရ သိရပါသည်။ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆန်တင်ပို့မှု တန်ချိန် ၈ သန်းခန့် ရှိနိုင်မည်ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်တွင် တင်ပို့ခဲ့သော ဆန်တန်ချိန် ၆.၁ သန်းမှ ၃၁ ရာခိုင်နှုန်း တိုးလာမည်ဟု USDA ၏ FAS Bangkok Post က ခန့်မှန်းထားပါသည်။ ထိုင်းဘတ်ငွေ အားနည်းခြင်းကြောင့် ထိုင်းဆန်တင်ပို့မှု ဈေးနှုန်းများမှာ ဆွဲဆောင်မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိစေကြောင်း၊ လက်ရှိ ထိုင်းဆန်ဈေးနှုန်းများမှာ တခြားဆန်တင်ပို့သည့်နိုင်ငံတွေနှင့် ယှဉ်ပြိုင်နိုင်သောကြောင့် ၂၀၂၂ ခုနှစ် လက်ကျန်လများအတွင်း ထိုင်းနိုင်ငံမှ ဆန်ကို ဝယ်လိုအားတိုးလာမည်ဟု မျှော်မှန်းထားကြောင်း FAS မှ မှတ်ချက်ပြုထားပါသည်။ ၂၀၂၂-၂၃ ခုနှစ်အတွက် ဂျုံတင်သွင်းမှုတွင်မူ တိရစ္ဆာန်အစာအတွက် ဝယ်လိုအားကြီးထွားလာသော်လည်း ဂျုံကြိတ်ခွဲရေးဘက်မှ ဝယ်လိုအားကျဆင်းလာသောကြောင့် တန်ချိန် ၂.၇ သန်းသို့ ပြန်လည်ပြင်ဆင်ခဲ့သည်ဟု သိရှိရပါသည်။ ထိုသို့လျှော့ချခဲ့သော်လည်း ၂၀၂၂-၂၃ အတွက် ဂျုံတင်သွင်းမှုမှာ ၂၀၂၁-၂၂ ကထက် ၈ % ပိုမိုများပြားနေသေးသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက် တိုးလာသော်လည်း ကြိတ်ခွဲမည့် ဂျုံတင်သွင်းမှုကို မနှစ်ကနှင့် အလားတူ တန်ချိန် ၁.၁ သန်းသို့ ပြန်လည်ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။ ဂျုံတင်သွင်းရာတွင် သွင်းကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ကြိတ်ခွဲမည့် ဂျုံနှင့် ဂျုံမှုန့်ကုန်လက်ကျန်များကို ထားရှိရာတွင် ဂျုံကြိတ်ခွဲစက်များက အထူးသတိထားနေကြောင်း၊ မုန့်ဖုတ်လုပ်ငန်းများဘက်တွင်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၌ ၂၀ % တိုးလာသည့်အတွက် ထုတ်လုပ်မှုနှေးကွေးနေကြောင်း သိရပါသည်။ တိရစ္ဆာန်အစာ ဂျုံတင်သွင်းမှုမှာ ယခင်နှစ်ကထက် ၁၄ ရာခိုင်နှုန်း တိုးလာကာတန်ချိန် ၁.၆ သန်းအထိ ဖြစ်လာမည်ဟု FAS က မျှော်မှန်းထားပြီး၊ ကုန်သည်များကလည်း စီးပွားရေးပြန်လည်ဦးမော့လာသည်နှင့်အညီ ကြက်တင်ပို့မှုအတွက် ခိုင်မာသောဝယ်လိုအားဖြစ်လာမည်ဟု မျှော်လင့်နေကြကာ၊ ကြက်မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုမည့် ဂျုံနှင့်အခြားတိရစ္ဆာန်အစာတွင် ပါဝင်သည့်ပစ္စည်းများအတွက် ဝယ်လိုအား တိုးလာမည်ဖြစ်ပါသည်။ FAS ၏ ၂၀၂၁-၂၂ အတွက် ပြောင်းထွက်ရှိမှု ခန့်မှန်းချက်မှာ မပြောင်းလဲဘဲ တန်ချိန် ၅.၃ သန်း ရှိမည်ဟုသိရပြီး၊ ၎င်းပမာဏသည် ၂၀၂၀-၂၁ ကထက် ၄ % ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရပါသည်။ ၂၀၂၁-၂၂ အတွက် ပြောင်းတင်သွင်းမှုခန့်မှန်းချက်မှာ တန်ချိန် ၁.၅ သန်းတွင် မပြောင်းလဲဘဲ တည်ရှိ နေကာ၊ ၂၀၂၀-၂၁ ကထက် ၂၂ % ကျဆင်း၍ ခန့်မှန်းခဲ့ခြင်း ဖြစ်ပါသည်။ တိရစ္ဆာန်အစာကြိတ်စက်ရုံများက ပြည်တွင်းထုတ်ပြောင်းနှင့် ဆန်ကွဲများကို တိရစ္ဆာန်အစထုတ်လုပ်ရန်အတွက် အသုံးပြုကြဖွယ်ရှိသည်။

Source: rice news today (ရွှေစင်ကို)

## ဇူလိုင်လအတွင်း တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ ဆန်တင်ပို့မှု ၁၀ ရာခိုင်နှုန်းနီးပါးတိုးလာ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပထမငါးလတွင် ပါကစ္စတန်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၇၇.၅၆ သန်းကျော်ရှိခဲ့ကာ ယခင်နှစ်ကထိ ၉.၇၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ပါကစ္စတန်သည် တရုတ်နိုင်ငံသို့ ဆန်ကွဲတင်သွင်းသည့်နိုင်ငံများအနက် တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း တရုတ်အကောက်ခွန် စီမံခန့်ခွဲရေး

(GACC) ၏ တရားဝင်အချက်အလက်များအရ သိရသည်။ လက်ရှိတွင် ဆန်ကွဲ အထူးသဖြင့် IRRI-6၊ IRRI-9 အမျိုးအစားနှင့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် ရာနှုန်းပြည့်ကြိတ်ခွဲပြီး ဆန်များကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့်နေပြီး ဘာစမာတီနှင့် အခြားထိပ်တန်းဆန်မျိုးများကို တရုတ်ဈေးကွက်သို့မြှင့်တင်၍ တင်ပို့နိုင်ရန် ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ ပြီးခဲ့တဲ့နှစ်အတွင်း တရုတ်နိုင်ငံက ပါကစ္စတန်မှ အမေရိကန်ဒေါ်လာ ၄၃၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၉၇၃,၀၀၀ ကို တင်သွင်းခဲ့ကြောင်း၊ ပါကစ္စတန်မှ ဆန်တင်ပို့သူအသစ် ၇ ဦးကို တရုတ်အကောက်ခွန်အတည်ပြုစာရင်းတွင် ထည့်သွင်းခဲ့ပြီး ဆန်တင်ပို့ခွင့်ရှိသူ ၅၃ ဦးအထိ တိုးလာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံက ဆန်တင်ပို့ရာတွင် အထောက်အကူဖြစ်စေရန် ပါကစ္စတန်ဆန်အပေါ် တင်သွင်းခွင့်ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်ကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း ပါကစ္စတန်နိုင်ငံက တရုတ်၏ အကြီးဆုံးဆန်တင်သွင်းသူဖြစ်လာမည်ဟု ယုံကြည်ချက်ရှိကြောင်း ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ စီးပွားရေးသံမှူး Badar uz Zaman က ပြောသည်။ နှစ်အနည်းငယ်အတွင်း ပါကစ္စတန်သည် တရုတ်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့သူဖြစ်လာမည်ဟု ယုံကြည်ကြောင်း CEN က ဖော်ပြသည်။

ယခုနှစ် ပထမငါးလအတွင်း ကုန်စည်ကုဒ် (၁၀၀၆ , ၄၀၈၀) ဆန်ကွဲခေါင်းစဉ်အောက်၌ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၂ သန်းခန့် တင်ပို့ခဲ့ကာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၈၆၅.၂၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ ကုန်စည်ကုဒ် (1006 3020) တစ်ဝက်တစ်ပျက် သို့မဟုတ် အပြည့်အဝကြိတ်ခွဲထားသည့်ဆန် ခေါင်းစဉ်အောက်၌ အမေရိကန်ဒေါ်လာ ၁၃၂ သန်းဖိုး တင်ပို့ထားပြီးဖြစ်ကြောင်း သိရပါသည်။ ပါကစ္စတန်သည် တရုတ်ဈေးကွက်အတွင်း ပါကစ္စတန်ဆန်အကြောင်း အသိပညာပေးနိုင်ရန်အတွက် သမားရိုးကျနှင့် အထူးသဖြင့် လူမှုမီဒီယာပလက်ဖောင်းများကို အသုံးပြုနေကြောင်း စီးပွားရေးသံမှူးမှ ပြောကြားခဲ့သည်။

Source: nation.com.pk (ရွှေစင်ကို)

## ဖိလစ်ပိုင်-တောင်ကိုရီးယား နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် (PH-KR FTA)

ဖိလစ်ပိုင်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် (FTA) တစ်ခု ချုပ်ဆိုနိုင်ရန် ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ဆွေးနွေးညှိနှိုင်းမှုများ စတင်ခဲ့ကြပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် အပြီးသတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ သဘောတူစာချုပ်အရ စာချုပ်ဝင်နှစ်နိုင်ငံလုံး၏ တင်သွင်းမည့် ကုန်စည်များအပေါ် အခွန်စည်းကြပ်မှုများဖယ်ရှားမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို ပိုမိုမြှင့်တင်နိုင်ရန် ဖြစ်ပါသည်။ ဖိလစ်ပိုင်လယ်ယာထွက်ကုန်များအား တောင်ကိုရီးယားသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရရှိရန် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် တောင်ကိုရီးယား၏ မော်တော်ယာဉ်များကို ဖိလစ်ပိုင်ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရန်လည်း အထောက်အကူပြုမည့် ကုန်သွယ်ရေးသဘောတူစာချုပ်တစ်ခု ဖြစ်ပါသည်။ ဖိလစ်ပိုင်-တောင်ကိုရီးယားနှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် (PH-KR FTA) ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးသွားရန် လျာထားသော်လည်း လက်ရှိတွင် နှစ်ဖက်သဘောတူစာချုပ်၏ နိဂုံးပိုင်းတွင် ပါဝင်မည့် သဘောတူညီချက်ပါစာသားများဖြစ်သော ကုန်စည်ကူးသန်းရောင်းဝယ်ရေး (Trade in Goods)၊ ကုန်သွယ်မှုကုထုံးများ (Trade Remedies)၊ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး၊ အကောက်ခွန်သက်သာခွင့်အတွက် ပင်ရင်းနိုင်ငံထောက်ခံချက် (Rules of Origin)၊ ယှဉ်ပြိုင်မှုနှင့် အခြားဥပဒေနှင့်ဆိုင်သော အထွေထွေပြဌာန်းချက်များ၊ ပွင့်လင်းမြင်သာမှု၊ အ သုံးပြုမည့် မူဝါဒများ၊ စနစ်များ၊ လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်း ပုံများ၊ အပြီးသတ်ပြဌာန်းချက်များ၊ ခြွင်းချက်များနှင့် အငြင်း ပွားမှုဖြေရှင်းရေး စသည့်ကိစ္စရပ်များကို ရှေ့နေများ၊ ကောင်စီအဖွဲ့ဝင်များ၊ ပညာရှင်များနှင့် စိစစ်ဆောင်ရွက်ခဲ့ပါသည်။

ယခုချုပ်ဆိုမည့်သဘောတူစာချုပ်သည် ၂၀၀၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံးနှစ်နိုင်ငံကုန်သွယ်ရေးစာချုပ်ဖြစ်သည့် ဂျပန်-ဖိလစ်ပိုင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (JPEPA) ပြီးနောက် ဒုတိယမြောက်စာချုပ် ဖြစ်ပါသည်။ PJEPA ကို ချုပ်ဆိုနိုင်ရန် ၂၀၀၄ ခုနှစ်ကတည်းက စတင်ဆွေးနွေးခဲ့ပြီး၂၀၀၆ ခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ သို့ရာတွင် လက်မှတ်ရေးထိုးပြီး နှစ်နှစ်အကြာ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင်မှ စတင်အသက်ဝင်ခဲ့သည့် စာချုပ်ဖြစ်ပါသည်။ ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၁၀ ခုနှစ်တွင် စတင်ခဲ့သော အာဆီယံ-ကိုရီးယား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် (ASEAN-KOREA FTA) အရ အကျိုးအမြတ်များစွာ ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုချုပ်ဆိုမည့် သဘောတူစာချုပ်အရ ပိုမိုအလေးသာသော ညှိနှိုင်းချက်များဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေမည် ဖြစ်ပါသည်။ PH-KR FTA သဘောတူစာချုပ်၏ အဓိ

ကအချက်အနေဖြင့် တောင်ကိုရီးယားမှ ဖိလစ်ပိုင်သွင်းကုန်
များအပေါ် အခွန်စည်းကြပ်မှု ၉၄.၈ ရာခိုင်နှုန်း ကင်းလွတ်
ခွင့်ပြုမည်ဖြစ်ပြီး ဖိလစ်ပိုင်သည် တောင်ကိုရီးယားသွင်းကုန်
များအပေါ် အခွန်စည်းကြပ်မှုနှုန်း ၉၆.၅ ရာခိုင်နှုန်း လျှော့ချ
ပေးမည် ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံဘက်မှ ငှက်ပျောသီး၊
ပြုပြင်ထုတ်လုပ်ထားသည့် အသင့်စားနာနတ်သီး ထုတ်ကုန်
များကဲ့သို့ စိုက်ပျိုးရေးထုတ်ကုန်များ၊ စက်မှုလုပ်ငန်းသုံး
ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအမျိုးမျိုးတို့အတွက် ဈေးကွက်
ရရှိရေး အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး ငှက်ပျောသီးသည်
ယခုနှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ်တွင် ဈေးကွက်
မြှင့်တင်မည့် အဓိကထုတ်ကုန်တစ်ခု ဖြစ်ပါသည်။ တောင်ကို
ရီးယားနိုင်ငံ စီးပွားရေး၏ အဓိကကဏ္ဍတစ်ခုဖြစ်သော မော်
တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှု
များဖယ်ရှားပေးခြင်းက ဖိလစ်ပိုင်ဈေးကွက်တွင် မော်တော်
ကားလုပ်ငန်းကဏ္ဍကို တိုးချဲ့လာနိုင်မည့် အခွင့်အလမ်းတစ်
ခုဖြစ်ပါသည်။ တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်တို့အကြား
စွမ်းဆောင်ရည်မြှင့်သင်တန်းများနှင့် နည်းပညာဆိုင်ရာပူး
ပေါင်းဆောင်ရွက်မှုများကို ယခုစာချုပ်အရ ပိုမိုနီးကပ်စွာ
ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဦးစားပေးဆောင်ရွက်မည့်ကဏ္ဍ
များတွင် စမတ်လယ်ယာများ၊ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် လျှပ်
စစ်မော်တော်ကားနှင့် ယာဉ်များ ပါဝင်ပါသည်။

စာချုပ်အရ မိုးခေါင်ခြင်းနှင့် အစာရေစာမလုံလောက်
ခြင်း၊ ကိုဗစ် ၁၉ ကပ်ရောဂါတို့ကဲ့သို့ သဘာဝဘေးအန္တရာယ်
နှင့် ကပ်ရောဂါကူးစက်ပြန့်ပွားမှုများကဲ့သို့ ပြည်သူ့ကျန်းမာ
ရေး အရေးပေါ်အခြေအနေများတွင် ကာကွယ်ခြင်းနှင့် ထိန်း
ချုပ်ခြင်းအစီအမံများ ချမှတ်ခြင်းနှင့် အချိန်နှင့်တပြေးညီ ထုတ်
ပြန်ခြင်းများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုး
မြှင့်ရန် သဘောတူညီမှုရရှိခဲ့ပြီး ကူးစက်ရောဂါများအတွက်
ကာကွယ်ဆေးထုတ်လုပ်ခြင်းအပြင် စစ်လက်နက်စနစ်ဒီဇိုင်း
ရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ပေးပို့ခြင်းနှင့် ပြုပြင်ထိန်းသိမ်း
ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်ပါ ပူး
ပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန် သဘောတူညီထားကြ
ပါသည်။ ယခုသဘောတူစာချုပ်သည် တောင်ပိုင်းဒေသ၊ အရှေ့
တောင်အာရှဒေသတို့နှင့် တောင်ကိုရီးယားနိုင်ငံအကြား ပိုမို
နက်ရှိုင်းသော စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေး တည်
ဆောက်ရန် ရည်ရွယ်သည့် "New Southern Policy" မူဝါဒ
အရ ရှေ့ခြေလှမ်းတစ်ခုဖြစ်ပါသည်။ တောင်ကိုရီးယားသည်
ဖိလစ်ပိုင်နိုင်ငံ၏ သတ္တမအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်ပြီး
၂၀၂၀ ခုနှစ်တွင် ဖိလစ်ပိုင်မှ ကုန်ပစ္စည်းတင်ပို့မှု အမေရိကန်
ဒေါ်လာ ၃.၀၅ ဘီလီယံအထိ ရှိခဲ့ပါသည်။ တောင်ကိုရီးယား
၏ ပို့ကုန်မှာ ၎င်းပမာဏထက် နှစ်ဆကျော် တိုးမြှင့်ခဲ့ပြီး
တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇.၃၃ ဘီလီယံအထိ ဖိ
လစ်ပိုင်သို့ တင်ပို့နိုင်ခဲ့သည့်အတွက် တောင်ကိုရီးယား၏ ၁၃
ခုမြောက် အကြီးဆုံးပို့ကုန်ဈေးကွက်အဖြစ် ကိုယ်စားပြုလျက်
ရှိပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုတွင် မီးရထားလမ်းကြောင်း
ပြောင်းစနစ်များ၊ အချက်ပြမှုနှင့် ထိန်းချုပ်မှုစနစ်များ၊ သတ္တု
တူးဖော်ခြင်းနှင့် ဥမင်တူးခြင်းအတွက် စက်ကိရိယာများစ
သည့်သယ်ယူပို့ဆောင်ရေး ထုတ်ကုန်များ တင်ပို့မှုမှာ အမေရိ
ကန်ဒေါ်လာ ၃၃၃ သန်းသာ ပါဝင်ပြီး ယင်းပမာဏတွင် မော်
တော်ယာဉ် အစိတ်အပိုင်းများတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ
၂၄.၅ သန်းနှင့် မော်တော်ယာဉ်တင်ပို့မှုမှာ အမေရိကန်ဒေါ်
လာ ၁၄.၈ သန်းသာ ပါဝင်သည့်အတွက် တောင်ကိုရီးယား
အနေဖြင့် အဆိုပါကဏ္ဍတွင် ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်
လိုခြင်း ဖြစ်ပါသည်။

ဖိလစ်ပိုင်အနေဖြင့် တောင်ကိုရီးယားသို့ လယ်ယာ
ထွက်ကုန်များ အများဆုံးတင်ပို့ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် အမေရိ
ကန်ဒေါ်လာ ၂၆၂ သန်း တင်ပို့ခဲ့ရာ ငှက်ပျောသီးတစ်မျိုးတည်း
တင်ပို့မှုသည် ၇၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ ယခု စာချုပ်လက်
မှတ်ရေးထိုးပြီးပါက အခွန်လျှော့ချမှုများ ရရှိလာမည်ဖြစ်
သဖြင့် ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တောင်ကိုရီး
ယားဈေးကွက်တွင် ပို့ကုန်ဆိုင်ရာအခွင့်အလမ်းများ ပိုမိုရရှိ
လာမည်ဖြစ်ပါသည်။ အီလက်ထရွန်နစ်ဆားကစ်သည် နှစ်
နိုင်ငံကုန်သွယ်မှု၏ အဓိကပို့ကုန်ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင်
ဖိလစ်ပိုင်မှ တောင်ကိုရီးယားသို့ တင်ပို့မှုအားလုံး၏ ၁၈.၅
ရာခိုင်နှုန်းအထိ တင်ပို့ခဲ့သည်ကို တွေ့ရှိရပြီး တောင်ကိုရီး
ယားသွင်းကုန်အားလုံး၏ ၃၈ ရာခိုင်နှုန်းအထိ ဈေးကွက်ရယူ
ထားသော ထုတ်ကုန်ဖြစ်ပါသည်။

Source: ASIA Briefing (လှဲ့လှဲ့နှင်း)

https://www.dti.gov.ph/korea-free-trade-agreement/

## ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုစံချိန်တင်မြင့်တက်ခဲ့

ယခုနှစ် ပထမ(၇)လအတွင်း ဗီယက်နမ်နိုင်ငံမှ ဆန်
တန်ချိန် ၄.၂ သန်းနီးပါး(တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ
၂ ဘီလီယံခန့်) တင်ပို့ခဲ့ပြီး၊ ယမန်နှစ် အလားတူ ကာလ
ထက် တန်ချိန်အားဖြင့် ၂၀ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၉
ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အမေရိကန်ဈေးကွက်သို့ တင်
ပို့မှုမှာ ၆၅ ရာခိုင်နှုန်းကျော်ဖြင့်အများဆုံးဖြစ်ပြီး၊ ၎င်းနောက်
ဖိလစ်ပိုင်နိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့ကာ ဗီယက်နမ်မှ
ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၄.၅ ရာခိုင်နှုန်းခန့် ရှိပါသည်။
ဖိလစ်ပိုင်သို့ တင်ပို့မှုမှာ ယခင်နှစ်ကထက် ၄၈.၆ ရာခိုင်နှုန်း

ပိုမိုခဲ့သည်ဟု သိရပါသည်။ ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ဆန်တင်ပို့မှုတွင် အပြိုင်အဆိုင်ရှိသော်လည်း ဗီယက်နမ်ထုတ်ကုန်များက ကမ္ဘာ့ဈေးကွက်တွင် ပိုမိုရေပန်းစားနေဆဲဖြစ်ကြောင်း သိရပါသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် ကမ္ဘာ့ဆန်ပို့ကုန်ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ၄၈၉ ဒေါ်လာရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလကထက် ၁၀.၂ % ကျဆင်းခဲ့သည်။ ဗီယက်နမ်၏ ဆန်ကွဲ ၅% မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ မှ ၄၂၀ ကြား ဖြစ်ခဲ့ပါသည်။ တင်ပို့သူများသည် စပါးရိတ်သိမ်းချိန်ကို စောင့်ဆိုင်းကာ လယ်သမားများထံမှ ဆန်ဝယ်ယူမှုကို လျှော့ချခဲ့ပြီး၊ တစ်ဖက်တွင်လည်း ဖိလစ်ပိုင်နှင့် တရုတ်ကဲ့သို့သော အဓိကဈေးကွက်များမှ ဝယ်ယူမှု အချက်ပြမှုများကို စောင့်ဆိုင်းနေကြပါသည်။

ဗီယက်နမ်ပြည်တွင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်ဈေးနှုန်းများမှာ များစွာအတက်အကျ ဖြစ်ပေါ်နေပါသည်။ ဇူလိုင်လအစပိုင်းနှင့် နှိုင်းယှဉ်ပါက မုန်တိုင်းထန်သော ရာသီဥတုကြောင့် နွေ-ဆောင်းဦးဆန် အရည်အသွေးဆက်တိုက်ကျဆင်းလာချိန်တွင် ဝယ်လိုအားဘက်ကလည်း အားနည်းနေရာ ဗီယက်နမ်ပြည်တွင်း၌ ဆန်အမျိုးအစားအားလုံး၏ ဈေးနှုန်းမှာ တစ်ကီလိုလျှင် VND ၂၀၀ မှ ၄၀၀ အထိ ကျဆင်းနေသည်ဟု သတင်းရရှိပါသည်။

Source-kinhtenongthon.vn (ရွှေစင်ကို)

## ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၅ နိုင်ငံမှ တင်သွင်းသည့် သကြားထွက်ကုန်တင်ပို့မှုများအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် ကုန်သွယ်ရေးရှောင်လွှဲမှုအား ကုစားသွားမည်

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်တွင်းသကြားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို အကာအကွယ်ပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံမှ တင်သွင်းသည့် သကြားထုတ်ကုန်များအား ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် အခွန်တိုးမြှင့်ကောက်ခံခဲ့ပြီး ယခုအခါ ကုန်သွယ်ရေးရှောင်လွှဲမှုများကို ကုစားနိုင်ရန်အတွက် ထပ်မံ၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၅ နိုင်ငံမှ ဖြတ်သန်းတင်သွင်းလာသည့် ထိုင်းနိုင်ငံထွက်ကြံ ကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားသော သကြားထွက်ကုန်များကိုလည်း အဆိုပါ အခွန်နှုန်းထားဖြင့် စည်းကြပ်ကောက်ခံသွားမည်ဟု သတင်းထုတ်ပြန်ကြေညာခဲ့သည်။ ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Industry and Trade-MoIT) သည် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၅ နိုင်ငံမှ တင်သွင်းလာသည့် ထိုင်းနိုင်ငံမှ ကြံနှင့် သကြားထွက်ကုန်ကြမ်းများဖြင့် ပြုလုပ်ထားသော သကြားထွက်ကုန်များနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုဆိုင်ရာ ရှောင်လွှဲမှုများအား ကာကွယ်တားဆီးရန် တုံ့ပြန်ဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းလာသော သကြားထွက်ကုန်များအပေါ် Anti-Dumping Duty အဖြစ် ၄၂.၉၉ ရာခိုင်နှုန်းနှင့် Anti-Subsidy Duty အဖြစ် ၄.၆၅ ရာခိုင်နှုန်း စုစုပေါင်းအခွန်နှုန်းထား ၄၇.၆၄ ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ်ကောက်ခံသွားမည်ဖြစ်သည်။ သို့သော် အဆိုပါနိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း စိုက်ပျိုးရိတ်သိမ်းသည့် ကြံပင်မှထုတ်လုပ်ရရှိသည့်သကြားထွက်ကုန်များအဖြစ်သက်သေပြနိုင်ပါက အထက်ဖော်ပြပါ အခွန်နှုန်းထားဖြင့် စည်းကြပ် ကောက်ခံသွားမည်မဟုတ်ကြောင်း သိရှိရပါသည်။

အဆိုပါအခွန်စည်းကြပ်ကောက်ခံမှုသည် ထုတ်ပြန်ပြဋ္ဌာန်းပြီးသည့် (ဩဂုတ်လ ၂ ရက်နေ့) နေ့ရက်မှ ၇ ရက်အတွင်း စတင်အကျိုးသက်ရောက်မည်ဖြစ်ပြီး အချိန်ကာလအားဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ အထိဖြစ်ပြီး ဝန်ကြီးဌာနမှ အမိန့်တစ်စုံတစ်ရာ ထပ်မံပြုလုပ်ခြင်းမရှိသည်အထိ အကျိုးသက်ရောက်နေမည်ဖြစ်ပါသည်။ အဆိုပါဆုံးဖြတ်ချက်သည် Anti-Dumping နှင့် Anti-Subsidy အခွန် များကျသင့်စေသည့် ထိုင်းနိုင်ငံမှ ကြံနှင့် သကြားထွက်ကုန်များအား အာဆီယံနိုင်ငံများမှ တဆင့် ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်ဟူသည့် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Trade Remedies Authority ၏ စုံစမ်းစစ်ဆေးမှုများအပေါ် မူတည်၍ ချမှတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ထိုင်းနိုင်ငံမှ ထွက်ရှိသည့် ကြံနှင့် သကြားထွက်ကုန်များကို အခွန်တိုးမြှင့်၍ စည်းကြပ်ကောက်ခံခဲ့ခြင်း ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံရှိ ပြည်တွင်းဥပဒေများပါပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာကတိကဝတ်များနှင့်အညီ ဓမ္မဓိဋ္ဌာန်ကျကျပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများအပေါ်အခြေခံ၍ အဆိုပါကုန်သွယ်မှုရှောင်လွှဲခြင်းအား တားဆီးကာကွယ်ရေးအစီအမံများကို လိုက်နာကျင့်သုံးခြင်းဆိုင်ရာဆုံးဖြတ်ချက်ကို ထုတ်ပြန်ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနမှ အတည်ပြုပြောကြားခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၊ အကောက်ခွန်ဦးစီးဌာနမှ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုအား စုံစမ်းစစ်ဆေးချက်များပြုလုပ်ပြီးနောက်မကြာမီကာလအတွင်း အဆိုပါ

နိုင်ငံ ၅ နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုပမာဏ သည် ၅၂၇,၀၀၀ တန်မှ ၁၀၇,၆၀၀ တန်အထိ တိုးမြင့်လာ သည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်အတောအတွင်း ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုပမာဏသည် ၅၉၅, ၀၀၀ တန်ခန့်၊ ၃၈ ရာခိုင်နှုန်းနီးပါးကျဆင်းသွားသည်ကို တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Ministry of Agriculture and Rural Development)၊ အကောက်ခွန်ဦးစီးဌာန (General Department of Customs) နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကုန်သွယ်မှုကစားရေး၏ အကျိုးသက်ရောက်မှုများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ပြည်တွင်းသကြား ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍသည် နိုင်ငံရပ်ခြားမှ သကြားထွက်ကုန်များ ပေါများစွာ တင်သွင်းနေမှုများကြောင့် အားနည်းလျက်ရှိပြီး သကြားဈေးကွက်အတွင်း ဈေးကွက်ဝေစု ၂၀ ရာခိုင်နှုန်း သာရှိကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံသကြားလုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်များအရ ယခုနှစ်အတွင်း မှောင်ခိုတင်သွင်းမှုသည် ကုန်ကျစရိတ် ၁ ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၆,၄၀၀ ရှိပြီး ပြင်ပဈေးကွက်တွင် သန့်စင်ပြီး သကြားဈေးနှုန်း ၁ ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၈,၀၀၀ နှင့် မသန့်စင်ရသေးသည့်သကြားဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၇,၂၀၀ သို့ ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့်ကြံရိတ်သိမ်းချိန်ရာသီ၌ သကြားစက်ရုံများမှ သကြားထုတ်လုပ်မှုသည် ၇၅၀,၀၀၀ တန်ရှိခဲ့ရာ ၅၀ ရာခိုင်နှုန်းသာလျှင် ပြည်တွင်း၌ စားသုံးနိုင်ခဲ့ပြီး သကြားစက်ရုံ ၄၁ ခုရှိသည့်အနက် ၂၅ ခုသာ လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ စက်ရုံအချို့ပိတ်လိုက်ရသည့်အတွက် လုပ်သားပေါင်း ၃,၃၀၀ ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ကြံစိုက်ပျိုးတောင်သူပေါင်း ၁၀၀,၀၀၀ ခန့်အား ထိခိုက်နစ်နာခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်သကြားလိုအပ်ချက်ပမာဏသည် တန် ၂.၂ သန်းရှိပြီး တရားဝင်လမ်းကြောင်းများမှ တင်သွင်းမှုနှင့် မှောင်ခိုတင်သွင်းမှုစုစုပေါင်း တန် ၂ သန်းခန့်ရှိ ပါသည်။ ထိုင်းသကြားအား ဗီယက်နမ်နိုင်ငံမှ အခွန်စည်းကြပ်ကောက်ခံခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများသို့ အရင်တင်ပို့ပြီးမှ ဗီယက်နမ်နိုင်ငံဈေးကွက်သို့ မူရင်းမူလနိုင်ငံ (Country of Origin) အဖြစ် ကြေညာကာ တင်သွင်းလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် အထက်ဖော်ပြပါနိုင်ငံ ၅ နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုသည် တန် ၁.၄ သန်းပတ်ဝန်းကျင်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ပထမ ၅ လတာကာလအတွင်း တန် ၆၀၀,၀၀၀ ခန့်ရှိခဲ့ကြောင်း အချက်အလက်များအရ သိရှိရပါသည်။

Source-Vietnam.new vn (ပြည့်ဖြိုးအောင်)

## ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ တူနားငါးတင်ပို့မှု ပိုမိုမြင့်တက်လာလိမ့်မည်ဟု ခန့်မှန်း

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်ပသို့ တူနာငါးတင်ပို့မှုသည် ဆက်တိုက်မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ချက်ထားရှိ လုပ်ဆောင်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ တူနာငါးတင်ပို့မှုတွင် ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံအထိ တိုးမြင့်တင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းချက်ထားရှိပြီး အဆိုပါပမာဏသည် တစ်နှစ်ထက် တစ်နှစ် ၄၅ ရာခိုင်နှုန်းတိုးတက်တင်ပို့လာနိုင်ခြင်းဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ၊ အကောက်ခွန် ဦးစီးဌာန (General Department of Customs) မှ ပြောကြားပါသည်။ ဇွန်လအတွင်းရှိ အချက်အလက်များအရ ပြည်ပသို့ တူနာငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၀ သန်းခန့် ရရှိလာပြီဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့်နှစ်ကာလတူပမာဏနှင့် နှိုင်းယှဉ်ပါက ၄၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ တူနာငါးတင်ပို့မှုမှ စုစုပေါင်းပြည်ပပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅၃ သန်းရှိသည်ကို မြင်တွေ့နိုင်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ပထမခြောက်လတာကာလနှင့်နှိုင်းယှဉ်ပါက ၅၆ ရာခိုင်နှုန်းမြင့်တက်လာပါသည်။ ထိုကဲ့သို့ လျင်မြန်စွာတိုးတက်လာမှုသည် အီးယူဈေးကွက်၊ အစ္စရေးဈေးကွက်နှင့် အီဂျစ်ဈေးကွက် များမှလွဲ၍ အဓိကဈေးကွက်အများစုသို့ တူနာငါးတင်ပို့မှု သိသာစွာမြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံပင်လယ်ထွက်ကုန်တင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (The Vietnam Association of Seafood Exporters and Procedures-VASEP) က မှတ်ချက်ပြုထားပါသည်။

ထူးထူးခြားခြား အမေရိကန်ဈေးကွက်သို့ တူနာငါးတင်ပို့မှုသည် ဇွန်လနောက်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၃၀၀ သန်းထက်မနည်း ရရှိခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လရှိ ပမာဏထက် နှစ်ဆနီးပါးမြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ CPTPP (The Comprehensive and Progressive Agreement for Trans-Pacific Partnership) သည် ဗီယက်နမ်တူနာငါးအား တတိယအများဆုံး တင်သွင်းသူဖြစ်ပြီး ၎င်း၏နောက်တွင် အမေရိကန်နှင့် အီးယူတို့က အများဆုံး တင်သွင်းကြကြောင်း၊ ဗီယက်နမ်တူနာငါးအား သဘော်တင်ပို့မှုဆိုင်ရာ ကတိကဝတ်ပြုထားသည့် အဖွဲ့ဝင်နိုင်ငံများ



သို့ တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၈ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။ လတ်တလောတွင် အမေရိကန်စျေးကွက်သို့ တူနာငါးတင်ပို့မှုသည် ပြီးခဲ့သည့်သုံးလအတွင်း တဖြည်းဖြည်းကျဆင်းလာပြီး ဇွန်လတွင် စျေးကွက်တင်ပို့မှုသည် ၂၅ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး အကြမ်းအားဖြင့် အမေရိကန်ဒေါ်လာ ၉.၅ သန်းခန့် ကျဆင်းခဲ့ပါသည်။ ယခုနှစ် ပထမခြောက်လတာကာလအတွင်း အီးယူက အမေရိကန်ဒေါ်လာ ၇၇ သန်းတန်ဖိုးရှိ ဗီယက်နမ်တူနာငါးအား တင်သွင်းခဲ့ပြီး အဆိုပါတင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ အဆိုပါတင်သွင်းမှုသည် ဗီယက်နမ်နိုင်ငံမှ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သို့ တူနာငါးတိုးမြှင့်တင်ပို့သည့်တန်ဖိုးနှင့် ညီမျှမှုရှိပါသည်။ ဗီယက်နမ်နိုင်ငံ ပင်လယ်ထွက်ကုန်တင်ပို့သူများနှင့် ထုတ်လုပ်သူများ အသင်း (The Vietnam Association of Seafood Exporters and Procedures–VASEP) က ယခုနှစ်၊ ဒုတိယနှစ်ဝက် တာကာလတွင် တူနာငါးတင်ပို့မှု ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။

Source: Viet Nam News (ပြည့်ဖြိုးအောင်)

## စားနပ်ရိက္ခာအကျပ်အတည်းကို ရှောင်ရှားနိုင်ဖို့ ကမ္ဘာ့ဓါတ်မြေဩဇာစျေးကွက်ကို စီမံခန့်ခွဲရန်လိုအပ်ဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်

ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်း၏နောက်ကွယ်တွင် ဓါတ်မြေဩဇာစျေးနှုန်းများမြင့်တက်နေပြီး စျေးနှုန်းမတည်ငြိမ်မှု ဆက်လက်ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ စိုက်ပျိုးရာသီစတင်တော့မည့်အချိန်တွင် ဓါတ်မြေဩဇာစျေးမြင့်နေခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်မှုတစ်ရပ်သဖွယ် ဖြစ်လာနေပါသည်။ လက်ရှိတွင် ယူကရိန်းအရေးကိစ္စကြောင့် ကမ္ဘာတစ်ဝန်းရှိ ပြောင်းနှင့်ဂျုံတင်သွင်းသည့်နိုင်ငံများအပေါ် အများအားဖြင့် သက်ရောက်မှုရှိနေပါသည်။ စားသောက်ကုန်အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားသည် ဓါတ်မြေဩဇာကို တင်သွင်းသည့် (Net importers) များဖြစ်ကြပါသည်။ ကာလရှည်ကြာ ဓါတ်မြေဩဇာစျေးနှုန်း မြင့်တက်နေခြင်းသည် ယူကရိန်းအရေးနှင့်ယှဉ်တွဲ၍ စျေးနှုန်းမြင့်တက်မှုကို မမြင်တွေ့ရသေးသည့် ဆန်ကဲ့သို့သော အခြားသီးနှံများကိုပါ ပျံ့နှံ့ သက်ရောက်လာနိုင်သဖြင့် ကာလရှည်စားနပ်ရိက္ခာအကျပ်အတည်းကို ရှောင်ရှားနိုင်ရန်အတွက် ဓါတ်မြေဩဇာကို စျေးနှုန်းပိုမိုသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်နေကြောင်း သိရပါသည်။ ကမ္ဘာ့ဘဏ်၏

ဓါတ်မြေဩဇာဈေးနှုန်းအညွှန်းကိန်းသည် ယခုနှစ်အစောပိုင်းမှစတင်၍ (၁၅) ရာခိုင်နှုန်းနီးပါးမြင့်တက်ခဲ့ပြီး လွန်ခဲ့သော (၂) နှစ်နှင့်နှိုင်းယှဉ်လျှင် ဓါတ်မြေဩဇာဈေး (၃) ဆကျော်မြင့်တက်ခဲ့ပါသည်။ သွင်းအားစုကုန်ကျစရိတ်မြင့်မားခြင်း၊ ထောက်ပံ့ရေးကွင်းဆက် အဟန့်အတားဖြစ်ပေါ်ခြင်းနှင့် ကုန်သွယ်မှုကန့်သတ်ချက်များကြောင့် ဓါတ်မြေဩဇာဈေးနှုန်းကို မြင့်တက်စေခဲ့ပါသည်။

လက်ရှိကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းကို လျှော့ပါးသက်သာစေရေးအတွက် ဓါတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် စားသောက်ကုန်ထုတ်လုပ်မှုကို ဆက်လက်ထိန်းထားနိုင်ရေး ဆောင်ရွက်ရန်လိုအပ်နေပြီး၊ ထိုသို့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများစွာရှိနေပါသည်။ ပထမနည်းလမ်းမှာ ကမ္ဘာ့နိုင်ငံများက ဓါတ်မြေဩဇာတင်ပို့မှုပိတ်ပင်ထားခြင်း (export bans) သို့မဟုတ် ဓါတ်မြေဩဇာ ကုန်သွယ်မှုကန့်သတ်ချက်များအား ဖယ်ရှားပေးရပါမည်။ အဆိုပါကန့်သတ်ချက်များသည် စားနပ်ရိက္ခာမလုံလောက်မှုကို ရင်ဆိုင်နေရသည့် ဝင်ငွေနိမ့်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဓါတ်မြေဩဇာ ဝယ်ယူရရှိနိုင်မှုကို ပို၍ဆိုးရွားစေပါသည်။ ယခုနှစ် ဖွန်လအစောပိုင်းအထိ ကမ္ဘာ့နိုင်ငံပေါင်း (၈၆) နိုင်ငံတွင် စားသောက်ကုန်နှင့် ဓါတ်မြေဩဇာတို့အပေါ် သက်ရောက်မှုရှိသည့် trade measures အရေအတွက် (၃၁၀) ခုအထိ ရှိခဲ့ရာ ၎င်းတို့၏ (၄၀) ရာခိုင်နှုန်းနီးပါးသည် ကန့်သတ်ချက် (Restrictive) များ ဖြစ်ကြောင်းသိရပါသည်။ ထို့ကြောင့် ဓါတ်မြေဩဇာကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် မလိုလားအပ်သည့် ကုန်သွယ်မှုဆိုင်ရာအဟန့်အတားများကို ဖယ်ရှားခြင်း၊ လိုက်နာဆောင်ရွက်ရမှု ကုန်ကျစရိတ် (comp–liance costs) နှင့် နှောင့်နှေးမှု (delays) များကို လျှော့ချဖယ်ရှားပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ဒုတိယနည်းလမ်းသည် ဓါတ်မြေဩဇာကို အကျိုးရှိထိရောက်စွာအသုံးပြုခြင်း (efficient use) ဖြစ်ပါသည်။ ဓါတ်မြေဩဇာအလွန်အကျွံသုံးစွဲမှုမဖြစ်ပေါ်စေရန် တောင်သူများကို သင့်တင့်သည့် မက်လုံးများပေးခြင်းဖြင့် efficient use ကို လုပ်ဆောင်နိုင်ပါသည်။ ဓါတ်မြေဩဇာကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ဓါတ်မြေဩဇာလိုအပ်ချက် အများဆုံးနိုင်ငံတွေအတွက် supply ပိုမိုရရှိနိုင်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည်။ ချမ်းသာကြွယ်ဝသည့်နိုင်ငံများသည် စိုက်ပျိုးမြေ (၁) ဟက်တာလျှင် ဓါတ်မြေဩဇာ (၁၀၀) ကီလိုဂရမ်ခန့် သုံးစွဲကြရာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသုံးပြုမှုထက် နှစ်ဆနီးပါးရှိသည်ဟု သိရပါသည်။ Sub–Saharan Africa ဒေသသည် စိုက်ပျိုးမြေ (၁) ဟက်တာလျှင် ဓါတ်မြေဩဇာ (၁၅) ကီလိုဂရမ်ဖြင့် အနည်းဆုံးသုံးစွဲသည့် ဒေသဖြစ်ပါသည်။ တတိယနည်းလမ်းအနေဖြင့် ဓါတ်မြေဩဇာ (၁) ကီလို အသုံးပြုမှုမှ ထွက်ရှိသည့် သီးနှံအထွက်နှုန်းကို မြင့်မားစေသော အလေ့အကျင့်ကောင်းများနှင့် နည်းပညာအသစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတီထွင်ဆန်းသစ်မှုများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရပါမည်။ ယင်းတွင် သီးနှံအမျိုးအစားအလိုက် အသင့်တော်ဆုံးဖြစ်မည့် ဓါတ်မြေဩဇာနှင့် အသုံးပြုရမည့် ပမာဏတို့ကို သေချာသိရှိစေရေး အသိပညာပေးဆောင်ရွက်ခြင်းလည်း ပါဝင်ပါသည်။

ဓါတ်မြေဩဇာအသုံးပြုရာတွင် ထိရောက်မှုအများဆုံးဖြစ်စေရေးအတွက် မြေဆီလွှာကျန်းမာရေးကို ဆောင်ရွက်ရပါမည်။ စိုက်ပျိုးသည့် သီးနှံနှင့်မြေဆီလွှာအတွက် အမှန်ကတယ်လိုအပ်သည့် ဓါတ်မြေဩဇာကို တိကျစွာသုံးစွဲနိုင်ရေး သတင်းအချက်အလက်နည်းပညာအသုံးပြု၍ စီမံခန့်ခွဲစိုက်ပျိုးသည့်နည်းလမ်း (Precision agriculture) သည် တတိယနည်းလမ်းအတွက် ဥပမာတစ်ခုဖြစ်ပါသည်။ ဆင်ဆာဖြင့်ဓါတ်မြေဩဇာပမာဏကို တိုင်းတာ၍ ဓါတ်မြေဩဇာနှင့်ရေကိုပေါင်းစပ်ပေးသွင်းသည့်စနစ် (Fertigation) သည်လည်း တတိယနည်းလမ်းဖြင့်ဆောင်ရွက်သည့် ဥပမာတစ်ခုပင်ဖြစ်ပါသည်။ လေ့လွင့်မှုအနည်းဆုံးဖြစ်စေရေးနှင့် စိုက်ပျိုးသည့်သီးနှံ၏ ဖွံ့ဖြိုးမှုအဆင့်တစ်ခုတွင် အမှန်တကယ်လိုအပ်သည့် ဓါတ်မြေဩဇာပမာဏကိုသာ သုံးစွဲတတ်စေရန်အတွက် အသိပညာဗဟုသုတများ တိုးပွားလာရေးဆောင်ရွက်ရန် လိုအပ်နေပါသည်။ အခြားနည်းလမ်းတစ်ရပ်မှာ ဇီဝမြေဩဇာ (Bio–fertilizers) သုံးစွဲမှု အလေ့အကျင့်များဖြင့် အစားထိုးသုံးစွဲခြင်း ဖြစ်ပါသည်။ ဇီဝမြေဩဇာကို အသုံးပြုခြင်းဖြင့် လက်ရှိဓါတ်မြေဩဇာ ထောက်ပံရေးကွင်းဆက်၏ စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးနိုင်မည့်အပြင် ဓါတ်မြေဩဇာသုံးစွဲခြင်းမှ ရာသီဥတု၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်တို့အပေါ် သက်ရောက်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဓါတ်မြေဩဇာဈေးကွက်ကို ထိန်းညှိဆောင်ရွက်နိုင်မှုသည် စားနပ်ရိက္ခာအကျပ်အတည်း၏ ပြင်းထန်မှုနှင့် ကာလရှည်ကြာမှုတို့အပေါ် အဆုံးအဖြတ်ပေးမည့် အချက်တစ်ချက်ဖြစ်လာကြောင်း သိရပါသည်။

Source: https://blogs.worldbank.org/voices/how–manage–worlds–fertilizers–avoid–prolonged–food–crisis (ကျော်စိန်ဝင်း)

## အင်ဒိုနီးရှားမှ စားအုန်းဆီရောင်းလိုအား တိုးမြင့်မည့် အလားအလာကြောင့် ဩဂုတ်လ (၄) ရက်နေ့တွင် ကမ္ဘာ့စားအုန်းဆီစျေးနှုန်းကျဆင်းခဲ့

မလေးရှားနိုင်ငံ၏ပြိုင်ဖက် အင်ဒိုနီးရှားထံမှ စားအုန်းဆီရောင်းလိုအားကောင်းမည့် အလားအလာဖိအားများကြောင့် ဩဂုတ်လ ၄ ရက် အစောပိုင်း ကုန်သွယ်မှုတွင် မလေးရှား စားအုန်းဆီ စျေးနှုန်းမှာ ၃ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။ အောက်တိုဘာလအတွက် စားအုန်းဆီအရောင်းအဝယ်စာချုပ် စတင်ချိန်၌ Bursa Malaysia လဲလှယ်မှုတွင် ၇၆ ရင်းဂစ် သို့မဟုတ် ၁.၉၇ % ကျဆင်းသွားပြီး တစ်တန်လျှင် ၃,၇၈၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၀.၄၇) သို့ ကျဆင်းသွားပြီး၊ နေ့လယ်ပိုင်း၌ ကြိုရောင်းကြိုဝယ်စာချုပ်စျေးနှုန်းမှာ တစ်တန်လျှင် ၃,၈၀၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၅.၁၂) ဖြစ်ခဲ့ပါသည်။ ပထမဆုံး စပါးတင်သင်္ဘောသည် Bosphorus မှတစ်ဆင့် ယူကရိန်းဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီး လက်ဘနွန်နိုင်ငံ၊ ထရီပိုလီဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ၎င်းလမ်းကြောင်းကြောင့် ကမ္ဘာ့နေကြာဆီ ထုတ်လုပ်မှု၏ ၆၀ % ခန့် ထုတ်လုပ်ပြီး၊ ထုတ်လုပ်မှု၏ ၇၆ % ကို တင်ပို့သည့် ပင်လယ်နက်ဒေသဘက်မှ ထောက်ပို့သယ်ယူပို့ဆောင်မှုများ တိုးလာမည်ဟူသော မျှော်လင့်ချက်များ တိုးပွားလာပါသည်။ ပို့ကုန်ခွန်လျှော့ချပေးခြင်းနှင့် အင်ဒိုနီးရှားမှ တင်ပို့မှုမြင့်မားခြင်းတို့ကြောင့် အင်ဒိုနီးရှားစားအုန်းဆီနှင့် မလေးရှားစားအုန်းဆီကို ပြိုင်ဆိုင်မှုဖြစ်စေပြီး စားသုံးသူများအတွက် ကုန်ကျစရိတ်ပိုမိုသက်သာလာစေပါသည်။ ၂၀၂၁-၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားတွင် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများ၌ အနှောင့်အယှက်များကြောင့် စားအုန်းဆီထုတ်လုပ်မှုခန့်မှန်းခြေ တန်ချိန် ၄၆.၇ သန်းအထိ ကျဆင်းခဲ့ကာ၊ ယခင်နှစ်ကထက် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ မလေးရှားတွင်လည်း မျှော်လင့်ထားသည်ထက် ရှည်လျားသော အလုပ်သမားရေးရာ တင်းမာမှုများကြောင့် နိုင်ငံ၏စားအုန်းဆီ ထုတ်လုပ်မှုကို ၂၀၂၁-၂၂ ရာသီတွင် တန်ချိန် ၁၈ သန်းအထိ လျှော့နည်းခဲ့ပြီး ယခင်ကာလထက် ၁.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု သိရပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီ သိုလှောင်မှုမှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်တွင် လစဉ် ၉.၈ ရာခိုင်နှုန်း တိုးလာဖွယ်ရှိပြီး၊ အဓိကအားဖြင့်ထုတ်လုပ်မှုတိုးလာခြင်းကြောင့် တန်ချိန် ၁.၈၂ သန်းအထိ တိုးလာဖွယ်ရှိသည်။

၂၀၂၁ - ၂၂ တွင် ကမ္ဘာ့စားအုန်းဆီ တင်သွင်းမှုမှာ တန်ချိန် ၄၄.၉ သန်းအထိ ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပြီး၊ ယခုနှစ် ဇူလိုင်လအတွင်း တင်သွင်းမှုမှ တန်ချိန် ၄၅ သန်းမှ ၁ % အောက်ကျဆင်းခဲ့ကာ၊ ယခင်နှစ်ထက် ၅.၇ % ကျဆင်းခဲ့ပါသည်။ စားအုန်းဆီစျေးမှာ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီစျေးကွက်တွင် စျေးကွက်ဝေစုလွှမ်းမိုးမှုရှိသောကြောင့် ဩဂုတ်လအတွင်း Dalian စတော့အိတ်ချိန်းတွင် ပဲပုပ်ဆီစျေး ၃.၃ % နှင့် စားအုန်းဆီစျေး ၄.၁ % ကျဆင်းခဲ့ပြီး၊ Chicago Mercantile Exchange တွင် ပဲပုပ်ဆီစျေး ၁.၂ % ကျဆင်းခဲ့ပါသည်။

Source: Vinanet/VITIC/Reuters (ရွှေစင်ကို)